ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ပြည်ထဲရေးဝန်ကြီးဌာန

အမိန့်ကြော်ငြာစာအမှတ် ၁၄၂၈ / ၂၀၂၅

၁၃၈၇ ခုနှစ်၊ ပြာသိုလဆန်းလ ၁၁ ရက်

( ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက် )

ပြည်ထဲရေးဝန်ကြီးဌာနသည် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေ ပုဒ်မ ၆၅ ပုဒ်မခွဲ(က) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါ နည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

## အခန်း (၁)

## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤနည်းဥပဒေများကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးနည်းဥပဒေများ ဟု ခေါ်တွင်စေရမည်။

၂။ ဤနည်းဥပဒေများတွင်ပါရှိသော စကားရပ်များသည် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေတွင် ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့ပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) ဥပဒေ ဆိုသည်မှာ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေကို ဆိုသည်။

(ခ) ကြိုတင်ခွင့်ပြုမိန့်ထုတ်ပေးရေးအဖွဲ့ ဆိုသည်မှာ ဥပဒေပုဒ်မ ၆၂ နှင့်အညီ ဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ဖြင့် တရားစွဲဆိုရန် ကြိုတင်ခွင့်ပြုမိန့်ထုတ်ပေးသည့် ဗဟိုအဖွဲ့ သို့မဟုတ် ဗဟိုအဖွဲ့က လွှဲအပ်ထားသော သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ပြည်ထောင်စုနယ်မြေ လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့တစ်ခုခုကို ဆိုသည်။

(ဂ) လူကုန်ကူးမှုစိစစ်ဖော်ထုတ်သည့်မှတ်တမ်း ဆိုသည်မှာ လူကုန်ကူးခံရသူဖြစ်ကြောင်း ကနဦးစိစစ်ဖော်ထုတ်ရေးအတွက် ဤနည်းဥပဒေများအရ ရပ်ရွာအခြေပြုလူကုန်ကူးမှု စိစစ်ဖော်ထုတ်ရေးအဖွဲ့က စုံစမ်းစိစစ်ပြီး ပြုစုသည့်မှတ်တမ်းပုံစံကို ဆိုသည်။

(ဃ) စံလုပ်ထုံးလုပ်နည်းများ ဆိုသည်မှာ ဗဟိုအဖွဲ့က ထုတ်ပြန်သတ်မှတ်ထားသော လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် နှိမ်နင်းရေးဆိုင်ရာ လုပ်ငန်းတာဝန်များ၊ တရားစွဲဆိုရေးဆိုင်ရာလုပ်ငန်းများနှင့် သက်ဆိုင်သည့် စံလုပ်ထုံးလုပ်နည်းများကို ဆိုသည်။

(င) **အများပြည်သူနှင့်မသက်ဆိုင်သောနေရာ** ဆိုရာတွင် အများပြည်သူ ဝင်ထွက်သွားလာခြင်း မပြုနိုင်သော နေရာ၊ ဝင်း၊ ခြံ၊ အကာအရံ၊ နေအိမ်၊ အဆောက်အအုံ၊ ပရဝဏ်၊ ပုဂ္ဂလိကပိုင်လမ်း နှင့် အများပြည်သူနှင့်မသက်ဆိုင်သည့် ယာဉ်တို့ ပါဝင်သည်။

(စ) **အများပြည်သူဆိုင်ရာနေရာ** ဆိုရာတွင် အများပြည်သူ ဝင်ထွက်သွားလာနိုင်သော နေရာ၊ ပရဝဏ်၊ လမ်း၊ ယာဉ်၊ ရုံး၊ အဆောက်အအုံ၊ ဘူတာရုံ၊ ဈေးနှင့်ပြပွဲ၊ ဟောပြောပွဲ ကျင်းပရာရုံတို့ ပါဝင်သည်။

(ဆ) **ရုံးအဖွဲ့** ဆိုသည်မှာ ဗဟိုအဖွဲ့နှင့်လုပ်ငန်းကော်မတီများ၏ ရုံးလုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံ့ဝန်ထမ်းဥပဒေနှင့်အညီ ဖွဲ့စည်းထားသည့် ရုံးအဖွဲ့ ကို ဆိုသည်။

(ဇ) **မြို့နယ်အုပ်ချုပ်ရေးမှူး** ဆိုသည်မှာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ အုပ်ချုပ်ရေးမှူးကို ဆိုသည်။

(ဈ) **ခရိုင်အုပ်ချုပ်ရေးမှူး** ဆိုသည်မှာ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ အုပ်ချုပ်ရေးမှူး ကို ဆိုသည်။

## အခန်း (၂)

## ဒေသဆိုင်ရာတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းခြင်းနှင့် ယင်းအဖွဲ့များ၏ လုပ်ငန်းတာဝန်များ သတ်မှတ်ပေးခြင်း

၃။ ဗဟိုအဖွဲ့သည် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ပြည်ထောင်စုနယ်မြေ လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းရေးအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ထံသို့လည်းကောင်း၊ နေပြည်တော်ကောင်စီထံသို့လည်းကောင်း သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းမှ ကိုယ်စားလှယ်များနှင့် အခြားသင့်လျော်သော ပုဂ္ဂိုလ်များ၏ အမည်စာရင်းကို တောင်းခံစိစစ်ပြီး သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ပြည်ထောင်စုနယ်မြေ လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့များကို အမိန့်ကြော်ငြာစာ ထုတ်ပြန် ဖွဲ့စည်း၍ လုပ်ငန်းတာဝန်များ သတ်မှတ်ပေးရမည်။

၄။ နေပြည်တော်ကောင်စီသည် မိမိဒေသအတွင်းရှိ သက်ဆိုင်ရာ ခရိုင်၊ မြို့နယ်အဆင့် အစိုးရဌာန၊ အဖွဲ့အစည်းများနှင့် သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာ အုပ်စုအုပ်ချုပ်ရေးမှူး များထံသို့ ယင်းတို့၏ ကိုယ်စားလှယ်များနှင့် အခြားသင့်လျော်သော ပုဂ္ဂိုလ်များ၏ အမည်စာရင်း ကို ပြန်လည်တောင်းခံစိစစ်ပြီး အောက်ပါဒေသဆိုင်ရာ တားဆီးကာကွယ်ရေးအဖွဲ့များကို အမိန့် ကြော်ငြာစာ ထုတ်ပြန်ဖွဲ့စည်း၍ လုပ်ငန်းတာဝန်များ သတ်မှတ်ပေးရမည်-

(က) ခရိုင်လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့၊

(ခ) မြို့နယ်လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့၊

(ဂ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့။

၅။ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့တို့သည် မိမိဒေသအတွင်းရှိ သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်၊ မြို့နယ်အဆင့် အစိုးရဌာန၊ အဖွဲ့အစည်းများနှင့် သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ ထံသို့ ယင်းတို့၏ ကိုယ်စားလှယ်များနှင့် အခြားသင့်လျော်သော ပုဂ္ဂိုလ်များ၏ အမည်စာရင်းများကို တောင်းခံစိစစ်ပြီး အောက်ပါဒေသဆိုင်ရာ တားဆီးကာကွယ်ရေးအဖွဲ့များကို အမိန့်ကြော်ငြာစာ ထုတ်ပြန်ဖွဲ့စည်း၍ လုပ်ငန်းတာဝန်များ သတ်မှတ်ပေးရမည်-

(က) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လူကုန်ကူးမှုတားဆီး ကာကွယ်ရေးအဖွဲ့၊

(ခ) ခရိုင်လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့၊

(ဂ) မြို့နယ်လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့၊

(ဃ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့။

## အခန်း (၃)

## လူကုန်ကူးခံရသူများကို ပြန်လည်လက်ခံခြင်း၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းပေးခြင်းနှင့် ပြန်လည်ထူထောင်ပေးခြင်း

၆။ ပြည်ပရှိ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံတွင်ရှိသော နိုင်ငံတော်၏သံရုံးမှ သက်ဆိုင်ရာ တာဝန်ရှိသူ သည်-

(က) နိုင်ငံတော်အတွင်းမှ လူကုန်ကူးမှုကျူးလွန်ခြင်းခံရပြီး နယ်စပ်ဖြတ်ကျော်ကာ မိမိတို့ တာဝန်ထမ်းဆောင်နေသည့် ပြည်ပနိုင်ငံသို့ ရောက်ရှိနေသော လူကုန်ကူးခံရသူများ နှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံသား ဟုတ် မဟုတ်၊ နိုင်ငံတော်တွင် အမြဲတမ်းနေထိုင်ပြီး နိုင်ငံခြားသားမှတ်ပုံတင်လက်မှတ် ကိုင်ဆောင်ထားသူ ဟုတ် မဟုတ် သို့မဟုတ် နိုင်ငံတော်တွင် အမြဲတမ်းနေထိုင်ခွင့်ရရှိထားသည့် နိုင်ငံခြားသား ဟုတ် မဟုတ် နှင့် လူကုန်ကူးခံရသူ ဟုတ် မဟုတ် တို့ကိုစစ်မေးခြင်း၊ ခရီးသွားအထောက်အထား များကို စိစစ်ခြင်းတို့ ပြုလုပ်ပြီး စစ်ဆေးတွေ့ရှိချက်များကို နိုင်ငံတကာဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာလုပ်ငန်းကော်မတီသို့ တင်ပြရမည်။

(ခ) လူကုန်ကူးခံရသူများ ဟုတ် မဟုတ် စိစစ်ရာတွင် ဥပဒေပုဒ်မ ၃ ပုဒ်မခွဲ (ခ) ပါ "လူကုန်ကူးမှု" ဆိုသည့် အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် ပုဒ်မခွဲ (ဂ) ပါ "ခေါင်းပုံဖြတ်မှု" ဆိုသည့် အဓိပ္ပာယ်ဖွင့်ဆိုချက်တို့ကို အခြေခံ၍ စိစစ်ရမည်။

(ဂ) နည်းဥပဒေခွဲ(က)နှင့်(ခ) တို့အရ စိစစ်တွေ့ရှိရသည့် လူကုန်ကူးခံရသူများ၏ လုံခြုံရေးကို အလေးထားလျက် နိုင်ငံတကာဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ဆိုင်ရာလုပ်ငန်းကော်မတီ၏ သဘောတူညီချက်ဖြင့် နိုင်ငံတော်သို့ နှောင့်နှေးကြန့်ကြာမှု မရှိစေဘဲ ပြန်လည်ပို့ဆောင်ပေးနိုင်ရေးအတွက် ခိုင်လုံသော ခရီးသွားအထောက် အထား၊ စာတမ်းအမှတ်အသားများ မရှိသူကို ပြည်ပမှထွက်ခွာခွင့်နှင့် ပြည်တွင်းသို့ ဝင်ရောက်ခွင့် ခိုင်လုံသော အထောက်အထားများထုတ်ပေးရန် ပြည်တွင်းပြည်ပရှိ သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများနှင့်ညှိနှိုင်း၍ လုပ်ထုံးလုပ်နည်းများနှင့် အညီစီစဉ်ဆောင်ရွက်ပေးရမည်။

(ဃ) နည်းဥပဒေခွဲ(က)နှင့်(ခ)တို့အရ စိစစ်တွေ့ရှိရသည့် လူကုန်ကူးခံရသူများအား နိုင်ငံတော်အတွင်းမှ ပြန်လည်လက်ခံရေးအတွက် ခိုင်လုံသော ခရီးသွားအထောက် အထား၊ စာတမ်းအမှတ်အသားများရရှိအောင် ဆောင်ရွက်ပေးပြီး နိုင်ငံတော် အတွင်းသို့ ပြန်လည်ရောက်ရှိသည်အထိ ဤနည်းဥပဒေများပါ ပြဋ္ဌာန်းချက်များ နှင့်အညီ လိုအပ်သလို ဆက်လက်ဆောင်ရွက်နိုင်ရန် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တစ်ဆင့် နိုင်ငံတကာဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ လုပ်ငန်းကော်မတီ နှင့်လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေး နှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ငန်းကော်မတီသို့ဖြစ်စေ၊ တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဌာနချုပ်သို့ဖြစ်စေ အကြောင်းကြားရမည်။

၇။ နိုင်ငံတော်၏ သံရုံးမရှိသော ပြည်ပနိုင်ငံများတွင် လူကုန်ကူးခံရသူများနှင့်စပ်လျဉ်း၍-

(က) ထိုနိုင်ငံနှင့် အနီးဆုံးနိုင်ငံတွင်ရှိသော နိုင်ငံတော်၏သံရုံးမှ သက်ဆိုင်ရာ တာဝန် ရှိသူသည် လူကုန်ကူးခံရသူများ၏ လုံခြုံရေးကိုအလေးထားလျက် ၎င်းတို့အား နိုင်ငံတော်သို့ ပြန်လည်ပို့ဆောင်ပေးရန် နည်းဥပဒေ ၆ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရမည်။

(ခ) ထိုပြည်ပနိုင်ငံသည် နိုင်ငံတော်၏သံရုံးများနှင့် လက်လှမ်းမမီသည့် နိုင်ငံ သို့မဟုတ် သံတမန်လမ်းကြောင်းမှ ဆောင်ရွက်နိုင်ခြင်းမရှိသည့်နိုင်ငံဖြစ်ပြီး အပြည်ပြည်ဆိုင်ရာ ရဲတပ်ဖွဲ့(Interpol)နှင့် ချိတ်ဆက်ဆောင်ရွက်နိုင်သည့် ကိစ္စမျိုးဖြစ်ပါက လူကုန်

ကူးခံရသူအတွက် ပြည်ပမှထွက်ခွာခွင့်နှင့် ပြည်တွင်းသို့ဝင်ရောက်ခွင့် အထောက်အထားများ ရရှိနိုင်ရေးအတွက် တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့သည် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်မှတစ်ဆင့် အပြည်ပြည်ဆိုင်ရာရဲတပ်ဖွဲ့နှင့်ဆက်သွယ်ကာ နှောင့်နှေးကြန့်ကြာမှုမရှိစေဘဲ နိုင်ငံတော်သို့ ပြန်လည်ပို့ဆောင်နိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်ရမည်။

၈။ လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ငန်းကော်မတီ၊ တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့နှင့် တားဆီးနှိမ်နင်းရေးအရာရှိတို့သည် နိုင်ငံတော်အတွင်းသို့ မိမိအစီအစဉ်ဖြင့် ပြန်လည်ဝင်ရောက်လာသည့် လူကုန်ကူးခံရသူများနှင့် ပြည်ပနိုင်ငံမှ ပြန်လည်ပို့ဆောင်သော လူကုန်ကူးခံရသူများမှာ မြန်မာနိုင်ငံသား သို့မဟုတ် နိုင်ငံတော်တွင် အမြဲတမ်းနေထိုင်ပြီး နိုင်ငံခြားသားမှတ်ပုံတင်လက်မှတ် ကိုင်ဆောင်ထားသူ သို့မဟုတ် နိုင်ငံတော်တွင် အမြဲတမ်းနေထိုင်ခွင့်ရရှိထားသည့် နိုင်ငံခြားသားဖြစ်ပါက ၎င်းတို့၏သဘောဆန္ဒကို အလေးထား၍ သက်ဆိုင်ရာ ဒေသဆိုင်ရာတားဆီးကာကွယ်ရေးအဖွဲ့နှင့်လည်းကောင်း၊ သက်ဆိုင်ရာ ပြန်လည်ထူထောင်ရေးဦးစီးဌာနနှင့် လူမှုဝန်ထမ်းဦးစီးဌာနတို့နှင့်လည်းကောင်း ညှိနှိုင်းပြီး ၎င်းတို့အား ယာယီစောင့်ရှောက်ရန်ဂေဟာ သို့မဟုတ် ယာယီနေထိုင်ရန် လုံခြုံသောနေရာ စီစဉ်ဆောင်ရွက်ပေးရမည်။

၉။ နည်းဥပဒေ ၆၊ ၇ နှင့် ၈ တို့နှင့်အညီ စီစဉ်ဆောင်ရွက်ပေးမှုအရ နိုင်ငံတော်အတွင်းသို့ ပြန်လည်ရောက်ရှိလာသော လူကုန်ကူးခံရသူများသည် ဤနည်းဥပဒေများ၏ အခန်း(၅)ပါ အကာအကွယ်များနှင့် အခွင့်အရေးများရရှိခွင့်ရှိသည်။

၁၀။ လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ငန်းကော်မတီသည် လူကုန်ကူးခံရသူများဖြစ်သည့် ပြည်ပနိုင်ငံများသို့ ရောက်ရှိနေသည့် မြန်မာနိုင်ငံသားကိုဖြစ်စေ၊ နိုင်ငံတော်တွင် အမြဲတမ်းနေထိုင်ပြီး နိုင်ငံခြားသားမှတ်ပုံတင်လက်မှတ် ကိုင်ဆောင်ထားသူကိုဖြစ်စေ၊ နိုင်ငံတော်တွင် အမြဲတမ်းနေထိုင်ခွင့်ရရှိထားသည့် နိုင်ငံခြားသားကိုဖြစ်စေ မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ယူနိုင်ရေး၊ လူမှုအသိုက်အဝန်းအတွင်း ပြန်လည်ဝင်ဆံ့ပေါင်းစည်းနိုင်ရေးနှင့် ပြန်လည်ထူထောင်နိုင်ရေးတို့အတွက် လိုအပ်သော ဘဏ္ဍာငွေလျာထားချက်ကို ဗဟိုအဖွဲ့သို့ တင်ပြနိုင်သည်။

၁၁။ လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ငန်းကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့နှင့် တားဆီးနှိမ်နင်းရေးအရာရှိများသည် နိုင်ငံတော်အတွင်းသို့ ပြည်ပနိုင်ငံမှ ပြန်လည်

ပို့ဆောင်သော လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာလုပ်ငန်းများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ဒေသဆိုင်ရာတားဆီးကာကွယ်ရေး အဖွဲ့နှင့်လည်းကောင်း၊ ပြန်လည်ထူထောင်ရေးဦးစီးဌာနနှင့်လည်းကောင်း အောက်ပါတို့ကို ညှိနှိုင်း စီစဉ်ဆောင်ရွက်ပေးရမည်–

(က) မိဘ သို့မဟုတ် အုပ်ထိန်းသူထံ ပြန်လည်ပို့ဆောင်ပေးခြင်းမှာ အကောင်းဆုံး အခြေအနေဖြစ်ကြောင်း စိစစ်တွေ့ရှိပါက ယင်းကဲ့သို့ ပြန်လည်ပို့ဆောင်ပေးခြင်း၊

(ခ) မိဘ သို့မဟုတ် အုပ်ထိန်းသူထံ ပြန်လည်ပို့ဆောင်ပေးရန် အခြေအနေမပေးသည့် အခါတွင်ဖြစ်စေ၊ ပြန်လည်ပို့ဆောင်ပေးရန် မသင့်လျော်သော အခြေအနေရှိသည့် အခါတွင်ဖြစ်စေ အခြားသင့်လျော်သော လုံခြုံစိတ်ချရသည့် နေရာ၊ ဂေဟာ သို့မဟုတ် ပရဟိတဂေဟာ တစ်ခုခုတွင် စီစဉ်ပေးခြင်း၊

(ဂ) အသက်အရွယ်နှင့် ရင့်ကျက်မှုအပေါ်မူတည်၍ ၎င်းတို့၏ဆန္ဒကို လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုနိုင်ရန်နှင့် လွတ်လပ်စွာရွေးချယ်နိုင်ရန် အလေးထား၍ စီစဉ်ဆောင်ရွက်ပေးခြင်း၊

(ဃ) လူကုန်ကူးခံရသူတို့၏ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာထိခိုက်မှုများကို ပြန်လည် ကုစားပေးခြင်းနှင့် ၎င်းတို့၏ သဘောတူညီချက်အရ အထူးအစီအစဉ်ဖြင့် ကျန်းမာရေး စောင့်ရှောက်မှုပေးခြင်း၊

(င) လူကုန်ကူးခံရသူတို့၏ ဘဝရပ်တည်မှုကို အထောက်အကူဖြစ်စေမည့် ပညာသင်ကြား ရေးနှင့် အသက်မွေးဝမ်းကျောင်းပညာသင်ကြားရေး၊ သင့်လျော်သည့် အလုပ်အကိုင် ရရှိရေးတို့အတွက် အခွင့်အလမ်းများ စီစဉ်ဆောင်ရွက်ပေးခြင်း၊

(စ) လူကုန်ကူးခံရသူများ၏ အသက်၊ ကျား၊ မ ဖြစ်တည်မှုနှင့် အထူးလိုအပ်ချက် များကို ထည့်သွင်းစဉ်းစား၍ ၎င်းတို့၏ အခွင့်အရေးများ ဆုံးရှုံးမှုမရှိစေရန် စီစဉ် ဆောင်ရွက်ပေးခြင်း၊

(ဆ) ပြစ်မှုကျူးလွန်ကြောင်းစွပ်စွဲခြင်းခံရသူ အား တရားစွဲဆိုသည့် စစ်ဆေးစီရင်မှုတွင် လူကုန်ကူးခံရသူ နိုင်ငံခြားသားအား သက်သေခံချက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်တွင်းတွင် ခေတ္တနေထိုင်ခွင့် ရရှိရေးနှင့် တရားလို ဘက်မှ သက်သေအဖြစ် စစ်ဆေးပြီးပါက သက်ဆိုင်ရာနိုင်ငံသို့ ပြန်လည်ပို့ဆောင် နိုင်ရန် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများနှင့်ညှိနှိုင်း၍ ဆောင်ရွက် ပေးခြင်း၊

(ဇ) မည်သည့်လူကုန်ကူးခံရသူမဆို အကြောင်းတစ်စုံတစ်ရာဖြင့် နိုင်ငံတော်သို့ ရောက်ရှိလာပါက လိုအပ်သည့်အကူအညီနှင့် ကာကွယ်စောင့်ရှောက်မှုများပေးခြင်း။

၁၂။ ဒေသဆိုင်ရာတားဆီးကာကွယ်ရေးအဖွဲ့၊ တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့နှင့် တားဆီးနှိမ်နင်းရေးအရာရှိများသည် နိုင်ငံတော်အတွင်းသို့ ပြည်ပနိုင်ငံမှ ပြန်လည်ပို့ဆောင်သော လူကုန်ကူးခံရသူများအား နှစ်နိုင်ငံနယ်စပ်ဂိတ်များ၊ အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းနှင့် လေဆိပ်များတွင် ပြန်လည်လက်ခံရေးနှင့် စပ်လျဉ်း၍-

(က) အများပြည်သူ မြင်ကွင်း၌ အခမ်းအနားဖြင့် ကြိုဆိုခြင်း၊ ပြန်လည်လက်ခံခြင်း မပြုရ။

(ခ) မှတ်တမ်းဓာတ်ပုံများရိုက်ကူးစဉ် လူကုန်ကူးခံရသူ၏မျက်နှာကို မှုန်ဝါးစေသောနည်းဖြင့်ဖြစ်စေ၊ မျက်လုံးကို အခြားအရောင်တစ်ခုဖြင့် ဖုံးအုပ်သည့်နည်းဖြင့်ဖြစ်စေ ရိုက်ကူးမှတ်တမ်းတင်ရမည်။

(ဂ) လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် လူကုန်ကူးခံရသူများအား အကာအကွယ်ပေးရေးဆိုင်ရာလုပ်ငန်းကော်မတီနှင့် လူကုန်ကူးခံရသူတို့၏ သဘောတူညီချက်ဖြင့်သာ သတင်းထုတ်ပြန်ရမည်။ လူကုန်ကူးခံရသူမှာ အရွယ်မရောက်သေးသူဖြစ်လျှင် ၎င်း၏ မိဘ သို့မဟုတ် အုပ်ထိန်းသူ၏ ခွင့်ပြုချက်ဖြင့်သာ သတင်းထုတ်ပြန်ရမည်။

(ဃ) လူကုန်ကူးခံရသူ၏ ဆန္ဒနှင့်အညီ ဆေးစစ်ဆေးပေးခြင်းနှင့် လိုအပ်ပါက ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းတို့ ပြုရမည်။

(င) လူကုန်ကူးခံရသူများအား ၎င်းတို့၏ မိသားစုနှင့်တွေ့ဆုံရန် ဆောလျင်စွာ စီစဉ်ပေးရမည်။

(စ) ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေအရ မှတ်ပုံတင်ရေးအဖွဲ့တွင် မှတ်ပုံတင်ထားသော အစိုးရမဟုတ်သည့် အဖွဲ့အစည်းများ၊ အစိုးရ မဟုတ်သော နိုင်ငံတကာအသင်းအဖွဲ့များနှင့် လိုအပ်သလို ညှိနှိုင်းပူးပေါင်းဆောင်ရွက်နိုင်သည်။

(ဆ) လူကုန်ကူးခံရသူ တောင်းခံသည့် လူမှုရေးနှင့် အခြားလိုအပ်သည့်ကိစ္စရပ်များကို ဥပဒေနှင့်အညီ ဖြည့်ဆည်းဆောင်ရွက်ပေးရမည်။

(ဇ) လူကုန်ကူးခံရသူအား ဆက်လက်ပို့ဆောင်ပေးရန်လိုအပ်ပါက သယ်ယူပို့ဆောင်ရေး၊ ခရီးစဉ်လုံခြုံရေးတို့ကို ကူညီဆောင်ရွက်ပေးရမည့်အပြင် လိုအပ်သော စာရွက်စာတမ်းရရှိရေး ဆောင်ရွက်ပေးရမည်။

၁၃။ တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ တားဆီးနှိမ်နင်းရေးအရာရှိနှင့် ပြန်လည်ထူထောင်ရေးဦးစီးဌာနများသည် ရပ်ရွာအခြေပြုလူကုန်ကူးမှုစိစစ်ဖော်ထုတ်ရေးအဖွဲ့က သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့မှတစ်ဆင့် လူကုန်ကူးမှုစိစစ်ဖော်ထုတ်သည့် မှတ်တမ်းဖြစ်သည့်ပုံစံ(၁)ဖြင့် မြို့နယ်လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့သို့ လွှဲပြောင်းအပ်နှံသော လူကုန်ကူးခံရသူအား ယာယီစောင့်ရှောက်ရေးဂေဟာ၌ လက်ခံရာတွင် -

(က) လူကုန်ကူးခံရသူ နှင့်ပတ်သက်သည့် အချက်အလက် အထောက်အထားများကို မှတ်တမ်းရေးသွင်းရမည်။

(ခ) လူကုန်ကူးခံရသူအား ရရှိနိုင်သည့် အခြေခံဝန်ဆောင်မှုများ၊ အခွင့်အရေးနှင့် တာဝန် ရှိမှုများ၊ လိုက်နာရမည့်စည်းကမ်းများ သို့မဟုတ် သဘောတူညီချက်များကို မလိုက်နာ ပါက ဖြစ်ပေါ်လာနိုင်သည့် အကျိုးဆက်များနှင့် ကူညီထောက်ပံ့မည့် အချိန်ကာလ တို့ကို ရှင်းပြရမည်။

(ဂ) လူကုန်ကူးခံရသူက ဝန်ဆောင်မှုများအား ရယူလိုကြောင်း တင်ပြပါက သက်ဆိုင်ရာ ဝန်ခံကတိပုံစံတွင် လက်မှတ်ရေးထိုးစေရမည်။

(ဃ) လူကုန်ကူးခံရသူနှင့် အတူပါလာသောပစ္စည်းများကို ယာယီစောင့်ရှောက်ရေးဂေဟာ၏ တာဝန်ရှိသူထံ မှတ်တမ်းထားအပ်နှံရမည်။

(င) လူကုန်ကူးခံရသူအား ကျန်းမာရေးစောင့်ရှောက်ပေးရန်လိုအပ်ပါက သက်ဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ဝန်ဆောင်မှုပေးသူများနှင့် ဆက်သွယ်ဆောင်ရွက် ပေးရမည်။

၁၄။ ဒေသဆိုင်ရာ တားဆီးကာကွယ်ရေးအဖွဲ့ဝင်များ၊ တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များ၊ တားဆီးနှိမ်နင်းရေးအရာရှိနှင့် ပြန်လည်ထူထောင်ရေးဦးစီးဌာနမှ တာဝန်ရှိသူများသည် လူကုန်ကူး ခံရသူအား ပြန်လည်ဝင်ဆံ့ပေါင်းစည်းပေးရေးနှင့် ပြန်လည်ထူထောင်ပေးရေးလုပ်ငန်းများ ဆောင်ရွက် ရာတွင်-

(က) လူကုန်ကူးခံရသူ နှင့်စပ်လျဉ်းသည့် လိုအပ်သော စာရွက်စာတမ်း အထောက်အထားများ ပျောက်ဆုံးခဲ့ပါက အသစ်ရရှိရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ဆက်သွယ် ဆောင်ရွက်ပေးရမည်။

(ခ) လူကုန်ကူးခံရသူအား မိသားစုပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးအတွက် အချက်အလက် များ စုဆောင်းခြင်း၊ မိဘများထံ ဆက်သွယ်ခြင်း၊ ဖြစ်ပေါ်လာနိုင်သော အန္တရာယ်များ ကို အကဲဖြတ်ခြင်းနှင့် အစီအစဉ်ချမှတ်ခြင်းတို့ကို ဆောင်ရွက်ရမည်။

(ဂ) လူကုန်ကူးခံရသူအား မိသားစုထံ ပြန်လည်အပ်နှံရန် မသင့်သောအခြေအနေ သို့မဟုတ် လူကုန်ကူးခံရသူက မိသားစုထံ ပြန်လည်နေထိုင်လိုခြင်း မရှိသည့် အခြေအနေတွင် အခြားသင့်လျော်သောအစီအမံများ ချမှတ်ဆောင်ရွက်ရမည်။

(ဃ) လူကုန်ကူးခံရသူအား မိသားစုထံပြန်လည်အပ်နှံပါက ဝန်ထမ်းအဆောင်အယောင်များ ဝတ်ဆင်၍ မသွားရ။

(င) လူကုန်ကူးခံရသူကို မိသားစုထံပြန်လည်အပ်နှံပြီးပါက တစ်ဦးချင်းစီ၏ လိုအပ်ချက်ပေါ် မူတည်၍ အောက်ပါအတိုင်း ပံ့ပိုးဆောင်ရွက်ပေးရမည်-

(၁) ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ဝန်ဆောင်မှုပေးခြင်း၊

(၂) နှစ်သိမ့်ဆွေးနွေးအကြံပေးခြင်း၊

(၃) ပညာသင်ကြားနိုင်ရေးအတွက် ကူညီပံ့ပိုးပေးခြင်း၊

(၄) အသက်မွေးဝမ်းကျောင်းပညာ လေ့ကျင့်သင်ကြားပေးခြင်း၊

(၅) အသေးစားစီးပွားရေးလုပ်ငန်းနှင့် ဝင်ငွေရရှိရေး ဆောင်ရွက်ပေးခြင်း၊

(၆) လိုအပ်ပါက နိုင်ငံသားစိစစ်ရေးကတ်ရရှိရေး ကူညီပံ့ပိုးပေးခြင်း။

(စ) ထောက်ပံ့မှုအစီအစဉ်နှင့် နှုန်းထားသတ်မှတ်ချက်များကို လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေး ဆိုင်ရာ လုပ်ငန်းကော်မတီ၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ရမည်။

(ဆ) ဘဏ္ဍာငွေအသုံးပြုမှုနှင့်စပ်လျဉ်း၍ ဗဟိုအဖွဲ့ရန်ပုံငွေမှ ကျခံသုံးစွဲရမည်။

၁၅။ ဒေသဆိုင်ရာတားဆီးကာကွယ်ရေးအဖွဲ့၊ တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ တားဆီးနှိမ်နင်းရေး အရာရှိ၊ ပြန်လည်ထူထောင်ရေးဦးစီးဌာနနှင့် လူမှုဝန်ထမ်းဦးစီးဌာနတို့သည် လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံခြင်း၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းပေးခြင်းနှင့် ပြန်လည်ထူထောင်ပေးခြင်းတို့ ဆောင်ရွက် ရာတွင် ဗဟိုအဖွဲ့နှင့် သက်ဆိုင်ရာ လုပ်ငန်းကော်မတီတို့၏ လမ်းညွှန်ချက်များနှင့်အညီ လိုက်နာ ဆောင်ရွက်ရမည်။

## အခန်း (၄)

## ရပ်ရွာအခြေပြုလူကုန်ကူးမှုစိစစ်ဖော်ထုတ်ရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၁၆။ သက်ဆိုင်ရာ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း ဥက္ကဋ္ဌ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥက္ကဋ္ဌနှင့် ခရိုင်အုပ်ချုပ်ရေးမှူးတို့သည် မိမိတို့ စီမံခန့်ခွဲသည့်ဒေသအတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာ အုပ်စုအလိုက် ရပ်ရွာအခြေပြုလူကုန်ကူးမှုစိစစ် ဖော်ထုတ်ရေးအဖွဲ့ ဖွဲ့စည်းနိုင်ရန် နည်းဥပဒေ ၁၉ ပါ

ပုဂ္ဂိုလ်များအတွက် အနည်းဆုံး ငါးဦးမှ အများဆုံး ခုနစ်ဦးထိ ကိုယ်စားလှယ်များ၏ အမည်စာရင်းကို ပေးပို့ရန် မြို့နယ်အဆင့် အစိုးရဌာန၊ အဖွဲ့အစည်းနှင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၊ ယာယီအုပ်ချုပ်ရေးမှူး သို့မဟုတ် ကျေးရွာတာဝန်ခံများထံသို့ သက်ဆိုင်ရာ မြို့နယ်အုပ်ချုပ်ရေးမှူးမှတစ်ဆင့် တောင်းခံရမည်။

၁၇။ သက်ဆိုင်ရာ မြို့နယ်အုပ်ချုပ်ရေးမှူးသည် နည်းဥပဒေ ၁၆ အရ တောင်းခံသည့် အမည်စာရင်းကို သက်ဆိုင်ရာ မြို့နယ်လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့နှင့် ညှိနှိုင်းစိစစ်၍ သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဥက္ကဋ္ဌ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥက္ကဋ္ဌ သို့မဟုတ် ခရိုင်အုပ်ချုပ်ရေးမှူးထံသို့ တင်ပြရမည်။

၁၈။ သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဥက္ကဋ္ဌ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥက္ကဋ္ဌနှင့် ခရိုင်အုပ်ချုပ်ရေးမှူးသည် နည်းဥပဒေ ၁၇ အရ တင်ပြလာသည့် ကိုယ်စားလှယ်များ၏ အမည် စာရင်းကို စိစစ်ပြီး သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ပြည်ထောင်စုနယ်မြေ လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့သို့ တင်ပြရမည်။

၁၉။ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ပြည်ထောင်စုနယ်မြေ လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့သည်-

(က) ဗဟိုအဖွဲ့၏ လမ်းညွှန်ချက်နှင့်အညီ လူကုန်ကူးမှုစိစစ်ဖော်ထုတ်သည့် မှတ်တမ်းကို တင်ပြစေရန် နည်းဥပဒေ ၁၈ အရ တင်ပြထားသည့် ကိုယ်စားလှယ်များမှ အောက်ဖော်ပြပါ ပုဂ္ဂိုလ် အနည်းဆုံး ငါးဦး သို့မဟုတ် အများဆုံး ခုနစ်ဦး ပါဝင်သည့် ရပ်ရွာအခြေပြု လူကုန်ကူးမှု စိစစ်ဖော်ထုတ်ရေးအဖွဲ့များကို ဖွဲ့စည်းရမည်-

| | | |
|---|---|---|
| (၁) | ဒုတိယဦးစီးမှူး<br>မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ခေါင်းဆောင် |
| (၂) | လက်ထောက်လူဝင်မှုကြီးကြပ်ရေးမှူး<br>မြို့နယ်ဦးစီးမှူးရုံး<br>လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၃) | ကျေးရွာတာဝန်ခံ သို့မဟုတ် ရာအိမ်မှူး | အဖွဲ့ဝင် |
| (၄) | ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု<br>အမျိုးသမီးရေးရာအဖွဲ့မှ ကိုယ်စားလှယ် သို့မဟုတ်<br>မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းခွဲမှကိုယ်စားလှယ် | အဖွဲ့ဝင် |
| (၅) | ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအဆင့်<br>မီးသတ်တပ်ဖွဲ့ဝင် သို့မဟုတ် အရန်မီးသတ်တပ်ဖွဲ့ဝင် | အဖွဲ့ဝင် |

( ၆ ) ပြန်လည်ထူထောင်ရေးဦးစီးဌာန သို့မဟုတ် အဖွဲ့ဝင် လူမှုဝန်ထမ်းဦးစီးဌာနမှ ဖြစ်ရပ်စီမံခန့်ခွဲသူ

( ၇ ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး အတွင်းရေးမှူး

( ခ ) နည်းဥပဒေခွဲ(က)အရ ဖွဲ့စည်းထားသော ရပ်ရွာအခြေပြုလူကုန်ကူးမှု စိစစ်ဖော်ထုတ်ရေးအဖွဲ့ကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၂၀။ (က) လူကုန်ကူးမှုကျူးလွန်ကြောင်းကို သိရှိသူတစ်ဦးဦးကဖြစ်စေ၊ လူကုန်ကူးခံရသူကဖြစ်စေ၊ ယင်း၏ကိုယ်စား မိဘ၊ အုပ်ထိန်းသူ သို့မဟုတ် နီးစပ်ရာ ဆွေမျိုး၊ မိတ်ဆွေ၊ ပုဂ္ဂိုလ်တစ်ဦးဦးကဖြစ်စေ မြန်မာနိုင်ငံရဲတပ်ဖွဲ့ သို့မဟုတ် ဒေသဆိုင်ရာ တားဆီးကာကွယ်ရေးအဖွဲ့ သို့မဟုတ် တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ သို့မဟုတ် ပြန်လည်ထူထောင်ရေးဦးစီးဌာနသို့ လူကုန်ကူးမှုကျူးလွန်ကြောင်း သတင်းပေးပို့တိုင်တန်းနိုင်သည်။

( ခ ) နည်းဥပဒေခွဲ(က)အရ သတင်းပေးပို့တိုင်တန်းချက်ကို လက်ခံရရှိသော ဒေသဆိုင်ရာတားဆီးကာကွယ်ရေးအဖွဲ့ သို့မဟုတ် ပြန်လည်ထူထောင်ရေးဦးစီးဌာနသည် မြန်မာနိုင်ငံရဲတပ်ဖွဲ့ သို့မဟုတ် တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့သို့ ဆက်လက်သတင်းပေးပို့ အကြောင်းကြားရမည်။

( ဂ ) နည်းဥပဒေခွဲ (က) နှင့် (ခ) အရ သတင်းပေးပို့တိုင်တန်းချက်ကို လက်ခံရရှိသော မြန်မာနိုင်ငံရဲတပ်ဖွဲ့ သို့မဟုတ် တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့သည် လူကုန်ကူးမှုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ မြို့နယ်လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့သို့ အကြောင်းကြားရမည်။

(ဃ) နည်းဥပဒေခွဲ(ဂ)အရ အကြောင်းကြားချက်လက်ခံရရှိသော မြို့နယ်လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့သည် လူကုန်ကူးမှု စိစစ်ဖော်ထုတ်သည့်မှတ်တမ်းကို ပုံစံ(၁)ဖြင့် ပြုစုတင်ပြစေရန် သက်ဆိုင်ရာ ရပ်ရွာအခြေပြုလူကုန်ကူးမှုစိစစ်ဖော်ထုတ်ရေးအဖွဲ့သို့ အကြောင်းကြားရမည်။

၂၁။ သက်ဆိုင်ရာ ရပ်ရွာအခြေပြုလူကုန်ကူးမှုစိစစ်ဖော်ထုတ်ရေးအဖွဲ့သည် နည်းဥပဒေ ၂၀ နည်းဥပဒေခွဲ(ဃ)အရ အကြောင်းကြားချက်ကို လက်ခံရရှိသည့်အခါ သို့မဟုတ် ကိုယ်တိုင်သတင်းသိရှိသည့်အခါ -

(က) သတင်းပေးပို့ တိုင်တန်းချက်နှင့်စပ်လျဉ်း၍ မှန်ကန်မှု ရှိ မရှိ စုံစမ်းစိစစ်၍ ဖော်ထုတ်ခြင်းကို အမြန်ဆောင်ရွက်ရမည်။

( ခ ) လူကုန်ကူးမှုကျူးလွန်ကြောင်းသိရှိသူတစ်ဦးဦး သို့မဟုတ် လာရောက်တိုင်တန်းသူ သို့မဟုတ် လူကုန်ကူးခံရသူဟု ကနဦးယူဆရသူထံ သွားရောက်၍ဖြစ်စေ၊ ထိုသူအား

ဆင့်ခေါ်၍ဖြစ်စေ စုံစမ်းမေးမြန်းခြင်း၊ စစ်မေးချက်များရယူခြင်းတို့ ပြုနိုင်သည်။ ထိုသို့ မပြုလုပ်မီ ထိုသူအား အောက်ပါအတိုင်း အသိပေးပြောကြားရမည်-

(၁) ကနဦးဆောင်ရွက်မည့် လုပ်ငန်းစဉ်များ၊

(၂) သတင်းအချက်အလက်များအား လုံခြုံစွာထားရှိမှုအခြေအနေ၊

(၃) မေးမြန်းသည့်မေးခွန်းများအား မည်သည့်အချိန်တွင်မဆို ဖြေဆိုရန် ငြင်းပယ်နိုင်ခွင့်ရှိမှု၊

(၄) ကနဦး ကူညီထောက်ပံ့မှုကာလအတွင်း ရရှိနိုင်သည့်ဝန်ဆောင်မှု။

၂၂။ ရပ်ရွာအခြေပြုလူကုန်ကူးမှုစိစစ်ဖော်ထုတ်ရေးအဖွဲ့သည်-

(က) လူကုန်ကူးမှုကျူးလွန်ကြောင်း သိရှိသူ တစ်ဦးဦးကိုဖြစ်စေ၊ လာရောက်တိုင်တန်းသူကို ဖြစ်စေ၊ လူကုန်ကူးခံရသူဟု ကနဦး ယူဆရသူကိုဖြစ်စေ ပထမဆုံးအကြိမ်တွေ့ဆုံမေးမြန်းစဉ် ဘေးအန္တရာယ်ရှိနိုင်ပါက သက်ဆိုင်ရာရဲစခန်းသို့ အကူအညီတောင်းခံပြီး ယင်း၏ ဘေးအန္တရာယ်ကင်းရှင်းရေးကို ဆောလျင်စွာဆောင်ရွက်ရမည်။

(ခ) လူကုန်ကူးခံရသူအဖြစ် စိစစ်ဖော်ထုတ်ရန် တွေ့ဆုံမေးမြန်းရာတွင်ဖြစ်စေ၊ စစ်မေးချက်မှတ်တမ်းများရယူရာတွင်ဖြစ်စေ အခြားသူများနှင့် ရောနှောခြင်း၊ လူဝင်လူထွက်များပြားခြင်းနှင့် လူအများဖြတ်သန်းသွားလာခြင်း မရှိသည့်နေရာတွင် ပြုလုပ်ရမည်။ ထိုသို့ပြုလုပ်သည့်နေရာနှင့် မြင်နိုင်ကြားနိုင်သော အနီးအနားနေရာများတွင် ရဲတပ်ဖွဲ့ဝင်များ မရှိစေရ။

(ဂ) စုံစမ်းစိစစ်ဖော်ထုတ်ရာတွင် လိုအပ်ပါက သက်ဆိုင်ရာ စာရွက်စာတမ်း အထောက်အထား များကို စိစစ်နိုင်သည်။

(ဃ) စုံစမ်းစိစစ်ဖော်ထုတ်ရရှိချက်များနှင့် မေးမြန်းဖြေကြားချက်များကို လူကုန်ကူးမှုစိစစ်ဖော်ထုတ်သည့် မှတ်တမ်းပုံစံ(၁)ဖြင့် ပြုစုပြီး လက်မှတ်ရေးထိုးရမည်။ ယင်းပုံစံ(၁) ပါအချက်များကို လျှို့ဝှက်ထားရမည်။

၂၃။ ရပ်ရွာအခြေပြု လူကုန်ကူးမှုစိစစ်ဖော်ထုတ်ရေးအဖွဲ့သည် လူကုန်ကူးမှုကျူးလွန်ကြောင်းသိရှိသူတစ်ဦးဦး၊ လာရောက်တိုင်တန်းသူ သို့မဟုတ် လူကုန်ကူးခံရသူဟု ကနဦးယူဆရသူအား တွေ့ဆုံမေးမြန်းရာတွင် အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) ဖြစ်စဉ်၏သဘာဝအရ ရှုပ်ထွေးမှုကြောင့် သို့မဟုတ် ကြောက်ရွံ့နေမှုကြောင့် ကောင်းစွာ ဖြေကြားခြင်းမပြုနိုင်သည့် အခြေအနေတွင်လည်းကောင်း၊ ဖြစ်စဉ်အသေးစိတ်ကို ပြန်လည်အမှတ်ရစေရေးအတွက်လည်းကောင်း မေးခွန်းများမေးမြန်းခြင်းကို တစ်ကြိမ်ထက်ပို၍ လုပ်ဆောင်နိုင်သည်။

(ခ) မေးမြန်းခြင်းခံရသူသည် ကလေးသူငယ်ဖြစ်ပါက နားလည်လွယ်သောမေးခွန်းဖြင့် မေးမြန်းရမည်။ မေးမြန်းခြင်းခံရသူသည် မသန်စွမ်းသူဖြစ်လျှင် လိုအပ်ပါက အကူအညီပေးနိုင်သူ ထားရှိဆောင်ရွက်ရမည်။

(ဂ) လူကုန်ကူးမှု ပေါ်ပေါက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရန် သဘောတူပါက ဥပဒေကြောင်းအရ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်အား ရှင်းပြရမည်။

(ဃ) စိစစ်ဖော်ထုတ်ချက်အရ လူကုန်ကူးခံရသူ မဟုတ်ကြောင်း တွေ့ရှိပြီး အခြားတည်ဆဲဥပဒေပါ ပြစ်မှုတစ်ရပ်ရပ် နှင့်စပ်လျဉ်း၍ ကျူးလွန်ခံရကြောင်း တွေ့ရှိရပါက ကျူးလွန်ခံရသူမှ သတင်းပေးတိုင်ကြားနိုင်ရန် နီးစပ်ရာရဲစခန်းသို့ လွှဲပြောင်းပေးရမည်။ လက်ခံရရှိသည့် ရဲစခန်းမှ သက်ဆိုင်ရာ ဥပဒေအရ ပထမသတင်းပေးတိုင်ချက်ရေးဖွင့် ဆောင်ရွက်ပေးရမည်။

၂၄။ နည်းဥပဒေ ၂၂ နှင့် နည်းဥပဒေ ၂၃ တို့အရ ဆောင်ရွက်ရာတွင် လိုအပ်ပါက စကားပြန်သို့မဟုတ် လက်သင်္ကေတပြ စကားပြန် အသုံးပြုနိုင်သည်။

၂၅။ ရပ်ရွာအခြေပြုလူကုန်ကူးမှုစိစစ်ဖော်ထုတ်ရေးအဖွဲ့သည်-

(က) လူကုန်ကူးမှုနှင့်စပ်လျဉ်း၍ သတင်းအချက်အလက်ရရှိသည့်အခါ လူကုန်ကူးမှုကို စုံစမ်းစစ်ဆေးဖော်ထုတ်ရာတွင် သက်ဆိုင်သည့် လူကုန်ကူးခံရသူနှင့် လူကုန်ကူးမှုနှင့် ဆက်စပ်ပတ်သက်သည့် ပုဂ္ဂိုလ်များကို စစ်ဆေးမေးမြန်းပြီး ထွက်ဆိုချက်များကို ရေးထိုးမှတ်ယူ၍ လူကုန်ကူးမှုစိစစ်ဖော်ထုတ်သည့်မှတ်တမ်းကို ပုံစံ(၁)ဖြင့် ပြုစု၍ ထိုသူအား ပြန်လည်ဖတ်ပြပြီး မှန်ကန်ကြောင်း လက်မှတ်ရေးထိုး စေရမည်။

(ခ) နည်းဥပဒေခွဲ(က)အရ စစ်ဆေးမေးမြန်းရာတွင်-

(၁) ပြစ်မှုကျူးလွန်ထားသူဖြစ်ကြောင်း သံသယဖြစ်ဖွယ်တွေ့ရှိသူကို သက်ဆိုင်ရာရဲတပ်ဖွဲ့ သို့မဟုတ် အနီးဆုံးရဲတပ်ဖွဲ့စခန်းသို့ လွှဲပြောင်းပေးရမည်။ ယင်းသို့ လွှဲပြောင်းပေးကြောင်းကိုလည်း မြို့နယ် လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့သို့ အကြောင်းကြားရမည်။

(၂) စစ်ဆေးမေးမြန်းသည့် အနီးအနားနှင့် မြင်နိုင်ကြားနိုင်သည့် နေရာများတွင် ရဲအစောင့်အကြပ်များ မရှိစေရ။

(ဂ) နည်းဥပဒေခွဲ(က)အရ စစ်ဆေးမေးမြန်းပြီး ထွက်ဆိုချက်များကိုရယူရာတွင် လူကုန်ကူးမှုနှင့်သက်ဆိုင်သည့် စာတမ်းအမှတ်အသားများကို စိစစ်နိုင်သည်။

၂၆။ ရပ်ရွာအခြေပြုလူကုန်ကူးမှုစိစစ်ဖော်ထုတ်ရေးအဖွဲ့သည်-

(က) ပြုစုထားသည့် လူကုန်ကူးမှုစိစစ်ဖော်ထုတ်သည့်မှတ်တမ်း ပုံစံ(၁) မိတ္တူနှင့်အတူ စစ်ဆေး ထွက်ဆိုချက်မှတ်တမ်းများနှင့် သက်သေခံစာတမ်းအမှတ်အသားများကို လုံခြုံစွာ ထိန်းသိမ်းထားရမည်။ လူကုန်ကူးမှုစိစစ်ဖော်ထုတ်သည့်မှတ်တမ်း ပုံစံ(၁) မူရင်းနှင့်အတူ စိစစ်ဖော်ထုတ်ရရှိသော လူကုန်ကူးခံရသူကို သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့မှတစ်ဆင့် မြို့နယ် လူကုန်ကူးမှု တားဆီးကာကွယ်ရေးအဖွဲ့သို့ လွှဲပြောင်းအပ်နှံရမည်။

(ခ) ဥပဒေအရ တရားစွဲဆိုသည့် လူကုန်ကူးမှုတွင် လူကုန်ကူးမှုစိစစ်ဖော်ထုတ်သည့် မှတ်တမ်းပုံစံ(၁) နှင့်စပ်လျဉ်း၍ စစ်ဆေးမေးမြန်းရာတွင်ပါဝင်သည့် အဖွဲ့ဝင် တစ်ဦးဦးအား သက်သေအဖြစ် ဆောင်ရွက်ရန် တာဝန်ပေးအပ်ရမည်။

၂၇။ မြို့နယ်လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့သည် နည်းဥပဒေ ၂၆ နည်းဥပဒေခွဲ(က) အရ လူကုန်ကူးခံရသူကို သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု လူကုန်ကူးမှုတားဆီးကာကွယ်ရေး အဖွဲ့မှတစ်ဆင့် လွှဲပြောင်းအပ်နှံလာသည့်အခါ-

(က) လူကုန်ကူးမှု စိစစ်ဖော်ထုတ်သည့် မှတ်တမ်းပုံစံ(၁)ပါ စိစစ်ဖော်ထုတ်ချက်အရ လူကုန် ကူးခံရသူ တရားဝင်ခံစားပိုင်ခွင့်ရှိသော အခွင့်အရေးတစ်ရပ်ရပ်ကို ဆုံးရှုံး နစ်နာမှု ရှိကြောင်း စိစစ်တွေ့ရှိပါက ယင်းသို့ ဆုံးရှုံးနစ်နာသည့် အခွင့်အရေးများ ပြန်လည်ရရှိစေရန် သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများနှင့်ညှိနှိုင်း၍ လိုအပ်သလို အမြန်ဆုံး ဆောင်ရွက်ပေးရမည်။

(ခ) လူကုန်ကူးမှုစိစစ်ဖော်ထုတ်သည့် မှတ်တမ်းပုံစံ(၁)ပါ စိစစ်ဖော်ထုတ်ချက်အရ လူကုန်ကူးခံရသူ တရားဝင်ခံစားပိုင်ခွင့်ရှိသော အခွင့်အရေးတစ်ရပ်ရပ်ကို ဆုံးရှုံး နစ်နာမှုရှိပြီး ယင်းအခွင့်အရေးများ ပြန်လည်ရရှိစေရန် မိမိအဖွဲ့ကိုယ်တိုင် ဆောင်ရွက် ပိုင်ခွင့်မရှိသောကိစ္စရပ်ဖြစ်ကြောင်း စိစစ်တွေ့ရှိလျှင် သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်လူကုန်ကူးမှုတားဆီး ကာကွယ်ရေးအဖွဲ့သို့ ဆောလျင်စွာ ဆက်လက်တင်ပြရမည်။

(ဂ) မိမိအဖွဲ့၏ဆောင်ရွက်ချက်များကို သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်လူကုန်ကူးမှုတားဆီးကာကွယ်ရေး အဖွဲ့နှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် လူကုန်ကူးခံရသူများအား အကာ အကွယ်ပေးရေး ဆိုင်ရာလုပ်ငန်းကော်မတီမှတစ်ဆင့် ဗဟိုအဖွဲ့သို့ တင်ပြ အစီရင် ခံရမည်။

၂၈။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်လူကုန်ကူးမှု တားဆီးကာကွယ်ရေးအဖွဲ့သည်-

(က) နည်းဥပဒေ ၂၇ နည်းဥပဒေခွဲ (ခ)နှင့် (ဂ)အရ တင်ပြချက်ကိုရရှိလျှင် ချက်ချင်းစိစစ်ပြီး လိုအပ်ချက်များကို အလေးထားဆောင်ရွက်ပေးရမည်။

(ခ) လူကုန်ကူးခံရသူများကို ကာကွယ်စောင့်ရှောက်ခြင်းနှင့်စပ်လျဉ်း၍ ဆောင်ရွက်ရသည့် လုပ်ငန်းစဉ်များကို လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် လူကုန်ကူးခံရသူများ အား အကာအကွယ်ပေးရေးဆိုင်ရာ လုပ်ငန်းကော်မတီမှတစ်ဆင့် ဗဟိုအဖွဲ့သို့ အစီရင်ခံ တင်ပြရမည်။

၂၉။ ဗဟိုအဖွဲ့သည် နည်းဥပဒေ ၂၈ နည်းဥပဒေခွဲ (ခ) အရ အစီရင်ခံတင်ပြခြင်းကို လက်ခံရရှိလျှင် ယင်းတင်ပြချက်နှင့်စပ်လျဉ်း၍ လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် လူကုန်ကူးခံရသူများ အား အကာအကွယ်ပေးရေးဆိုင်ရာလုပ်ငန်းကော်မတီနှင့် ဒေသဆိုင်ရာ တားဆီးကာကွယ်ရေးအဖွဲ့ တို့၏ ဆောင်ရွက်ချက်များကို စိစစ်ကြီးကြပ်ရမည်။

## အခန်း (၅)

## လူကုန်ကူးခံရသူများနှင့် သက်သေများအား အကာအကွယ်ပေးခြင်းနှင့် အကူအညီပေးခြင်း

၃၀။ တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့များ၊ တားဆီးနှိမ်နင်းရေးအရာရှိများနှင့် အမှုစစ်ရဲအရာရှိ များသည်-

(က) လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေး နှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ငန်းကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ လူကုန်ကူး ခံရသူအဖြစ် စိစစ်ဖော်ထုတ်ခြင်းခံရသူအား သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများ နှင့်ညှိနှိုင်းပြီး အောက်ပါအတိုင်း ကာကွယ်စောင့်ရှောက်ရမည်-

(၁) ရပ်ရွာအခြေပြု လူကုန်ကူးမှုစိစစ်ဖော်ထုတ်ရေးအဖွဲ့က ဘေးအန္တရာယ်ရှိနိုင် သော လူကုန်ကူးခံရသူအား လွှဲပြောင်းအပ်နှံသည့်အခါ သက်ဆိုင်ရာ ပြန်လည် ထူထောင်ရေးဦးစီးဌာန၊ ယာယီစောင့်ရှောက်ရေးဂေဟာတွင် လက်ခံစောင့်ရှောက် ထားခြင်း၊

(၂) ဂေဟာမရှိသည့်နေရာများတွင် ဒေသဆိုင်ရာ တားဆီးကာကွယ်ရေးအဖွဲ့၊ ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ သက်ဆိုင်ရာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူနှင့်ညှိနှိုင်းပြီး ယာယီလက်ခံ စောင့်ရှောက်ရမည့်နေရာကို သတ်မှတ်စောင့်ရှောက်ခြင်း၊

(၃) လူကုန်ကူးခံရသူဟု ကနဦး စိစစ်သတ်မှတ်ခံရသူအား လိုအပ်သော ကျန်းမာရေး စောင့်ရှောက်မှုနှင့် လတ်တလောအကူအညီများအား ဖြည့်ဆည်းဆောင်ရွက် ပေးခြင်း၊

(၄) လူကုန်ကူးခံရသူအား ယာယီစောင့်ရှောက်ထားစဉ်အတွင်း ဆောင်ရွက်ပေးမည့် ဝန်ဆောင်မှုများနှင့် အခွင့်အရေးများကို ပြည့်စုံစွာအသိပေးပြောကြားခြင်း၊

(၅) တရားရုံးသို့ လူကုန်ကူးမှုဖြင့် စွဲဆိုသည့်အမှုတွင် သက်သေအဖြစ်ပါဝင်သော လူကုန်ကူးခံရသူအမျိုးသမီးနှင့် ကလေးသူငယ်တို့၏ ကာယိန္ဒြေစောင့်ထိန်းမှု နှင့် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာလုံခြုံမှုရှိစေရန် အများပြည်သူရှေ့မှောက် စစ်ဆေးစီရင်ခြင်းမပြုသင့်သည့်အမှုတွင်ဖြစ်စေ၊ ၎င်းတို့၏တောင်းဆိုချက်အရ ဖြစ်စေ၊ ဗီဒီယိုဆက်သွယ်ဆောင်ရွက်ရေး (Video Conferencing) နည်းဖြင့် အထူးသက်သေ စစ်မေးခန်းတွင်သော်လည်းကောင်း၊ အထူးသက်သေစစ်မေးခန်း မရှိသည့် တရားရုံးများ၌ အများပြည်သူရှေ့မှောက်မဟုတ်ဘဲ သီးသန့်ရုံးခန်း (In Camera)တွင်သော်လည်းကောင်း၊ အများပြည်သူ မသိရှိနိုင်သည့် နေရာတွင် သော်လည်းကောင်း စစ်ဆေးစီရင်ပေးနိုင်ရန် သက်ဆိုင်ရာတရားရုံးသို့ ပုံစံ(၇)ဖြင့် ကြိုတင်လျှောက်ထားခြင်း၊

(၆) တရားရုံးသို့ သက်သေထွက်ဆိုရန် ရောက်ရှိလာသော လူကုန်ကူးခံရသူနှင့် သက်သေများအား ခြိမ်းခြောက်ခြင်းနှင့် အန္တရာယ်ပြုခြင်းများမှ ကင်းဝေး စေရန် လိုအပ်သည့်ကာကွယ်မှုပေးခြင်းတို့အတွက် သက်ဆိုင်ရာရဲတပ်ဖွဲ့နှင့် ညှိနှိုင်း စီစဉ်ဆောင်ရွက်ခြင်း၊

(၇) လူကုန်ကူးခံရသူမှာ အမျိုးသမီး သို့မဟုတ် ကလေးသူငယ် သို့မဟုတ် မသန်စွမ်းသူ သို့မဟုတ် လိင်ဝိသေသ ထူးခြားသူဖြစ်ပါက ၎င်းတို့၏ အခြေအနေ နှင့် လိုက်လျောညီထွေသည့် အထူးကာကွယ်စောင့်ရှောက်မှုများပေးခြင်း၊

(၈) လူကုန်ကူးခံရသူ၏ အသက်အရွယ်နှင့် ရင့်ကျက်မှုအပေါ် မူတည်၍ ၎င်းတို့၏ ဆန္ဒကို လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် လွတ်လပ်စွာရွေးချယ်နိုင်ခွင့် ပေးခြင်း။

(ခ) လူကုန်ကူးမှုနှင့်စပ်လျဉ်း၍ ထွက်ဆိုချက်ပေးရန်ရှိသော လူကုန်ကူးခံရသူအပါအဝင် ၎င်းတို့၏ မိသားစုဝင်များ၊ ဆွေမျိုးများနှင့် အသိသက်သေများမှာ အလှမ်းကွာ ဝေးသောနေရာသို့ ရောက်ရှိနေပြီး သွားလာရေးအခက်အခဲရှိနေလျှင်သော်လည်းကောင်း၊ ၎င်းတို့အား ဘေးအန္တရာယ် မဖြစ်စေရေးအတွက် သော်လည်းကောင်း ဗီဒီယို ဆက်သွယ်ဆောင်ရွက်ရေး(Video Conferencing)နည်းဖြင့် စစ်ဆေးပြီး စစ်ဆေး

ထွက်ဆိုချက် မှတ်တမ်းကို ပုံစံ(၈)ဖြင့် မှတ်တမ်းတင်ရမည်။ အဆိုပါ ပုံစံ(၈)ကို ဗီဒီယိုဆက်သွယ် ဆောင်ရွက်သည့်မှတ်တမ်း၊ ရုပ်သံဖိုင်ပူးတွဲ၍ သက်ဆိုင်ရာ တရားရုံးသို့ သက်သေခံအဖြစ် တင်သွင်းနိုင်သည်။

၃၁။ လူကုန်ကူးခံရသူသည် လူကုန်ကူးမှုကျူးလွန်ခံရခြင်းကြောင့် ဖြစ်ပေါ်လာသော အခြေအနေပေါ်မူတည်၍ အောက်ပါအခွင့်အရေးများကို ရရှိခံစားစေရမည်-

(က) မိမိ၏ နစ်နာချက်၊ ခံစားချက်နှင့် အတွေ့အကြုံတို့ကို သက်ဆိုင်ရာရဲတပ်ဖွဲ့နှင့် ဒေသဆိုင်ရာတားဆီးကာကွယ်ရေးအဖွဲ့အဆင့်ဆင့်သို့ တင်ပြခွင့်၊

(ခ) မိဘ သို့မဟုတ် အုပ်ထိန်းသူနှင့် ပြန်လည်ပေါင်းစည်းခွင့်၊

(ဂ) မိဘ သို့မဟုတ် အုပ်ထိန်းသူထံ မရောက်မီ လုံခြုံစိတ်ချရသည့် အကာအကွယ် ရယူခွင့်၊

(ဃ) မိမိဆန္ဒနှင့်အညီ ပညာသင်ကြားရေးနှင့် အသက်မွေးဝမ်းကျောင်းပညာ သင်ကြားရေးတို့အတွက် အကူအညီရယူခွင့်၊

(င) ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ စမ်းသပ်မှု၊ ဆေးဝါးကုသမှုခံယူခွင့်၊

(စ) သက်ဆိုင်ရာအစိုးရဆေးရုံတွင် ပြင်ပလူနာအဖြစ်လည်းကောင်း၊ အတွင်းလူနာအဖြစ်လည်းကောင်း အခမဲ့ဆေးကုသခံယူခွင့်၊

(ဆ) မိမိနှင့်သက်ဆိုင်သော သတင်းအချက်အလက် လုံခြုံရေးအတွက် အကာအကွယ် ရယူခွင့်၊

(ဇ) မိမိ၏ ထိခိုက်နစ်နာဆုံးရှုံးမှုအတွက် တရားမကြောင်းအရ တရားစွဲဆိုခွင့်၊

(ဈ) မိမိ၏ထိခိုက်နစ်နာဆုံးရှုံးမှုအတွက် တရားမကြောင်း စွဲဆိုမှုတွင် ဥပဒေနှင့်အညီ လိုအပ်သောအကူအညီများကိုသက်ဆိုင်ရာဥပဒေအထောက်အကူပေးရေးအဖွဲ့ထံမှ ရယူခွင့်၊ လိုအပ်ပါက စကားပြန်ကို အကူအညီတောင်းခံခွင့်၊

(ည) နစ်နာကြေးတောင်းဆိုသော တရားမမှုများတွင် လိုအပ်ပါက ရုံးခွန်တော် ထမ်းဆောင်နိုင်ရန် သက်ဆိုင်သည့် ဒေသဆိုင်ရာ တားဆီးကာကွယ်ရေးအဖွဲ့သို့ အကူအညီတောင်းခံခွင့်၊

(ဋ) သက်သေခံချက် ပေးသည့်အခါတွင်ဖြစ်စေ၊ အမှုရင်ဆိုင်သည့် အခါတွင်ဖြစ်စေ၊ ဥပဒေနှင့်အညီ လုံခြုံရေးအတွက် ကာကွယ်စောင့်ရှောက်မှုများခံစားခွင့်။

၃၂။ ဒေသဆိုင်ရာ တားဆီးကာကွယ်ရေးအဖွဲ့နှင့် တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့တို့သည် ပြန်လည်ထူထောင်ရေးဦးစီးဌာနနှင့်ညှိနှိုင်းပြီး လူကုန်ကူးခံရသူကလေးသူငယ်အား လိုအပ်သောစုံစမ်းမေးမြန်းမှုများပြုလုပ်ပြီးနောက် ထိုကလေးသူငယ်တွင် မိဘ သို့မဟုတ် အုပ်ထိန်းသူရှိပါက ၎င်း၏ မိဘ

သို့မဟုတ် အုပ်ထိန်းသူထံ သို့လည်းကောင်း၊ မိဘ သို့မဟုတ် အုပ်ထိန်းသူမရှိပါက ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ ယာယီစောင့်ရှောက်ရေးဂေဟာသို့ လည်းကောင်း ပုံစံ (၂) ဖြင့် အပ်နှံရမည်။

၃၃။ လူကုန်ကူးခံရသူသည် နိုင်ငံခြားသားဖြစ်ပြီး ပြည်တွင်းတွင် ယာယီနေထိုင်ရန် အခက်အခဲရှိပါက သက်ဆိုင်ရာဝန်ကြီးဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ အောက်ပါအခွင့်အရေးများကို ရရှိရမည်-

(က) ခေတ္တပြည်ဝင်ခွင့် ဗီဇာ၊

(ခ) ပြည်တွင်း ခေတ္တနေထိုင်ခွင့်၊

(ဂ) သက်ဆိုင်ရာသံရုံး၊ ကောင်စစ်ဝန်ချုပ်ရုံးများနှင့် ဆက်သွယ်ဆောင်ရွက်ခွင့်၊ ထိုသို့ ဆက်သွယ်ဆောင်ရွက်ရန် တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့နှင့် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းသို့ အကူအညီတောင်းခံခွင့်။

၃၄။ သက်ဆိုင်ရာရဲတပ်ဖွဲ့နှင့် တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့တို့သည် လူကုန်ကူးမှုတွင် တရားရုံးသို့ တရားလိုပြသက်သေအဖြစ် သက်သေခံရန်သွားရောက်ကြသည့် ရပ်ရွာအခြေပြု လူကုန်ကူးမှုစိစစ်ဖော်ထုတ်ရေးအဖွဲ့ဝင်တစ်ဦးဦးနှင့် လူကုန်ကူးခံရသူတို့အား လိုအပ်သော လုံခြုံရေးအကာအကွယ်စောင့်ရှောက်မှုပေးရေးအတွက် သက်ဆိုင်ရာ တရားရုံး၊ ဥပဒေရုံးတို့နှင့်လည်းကောင်း၊ ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့နှင့်လည်းကောင်း ညှိနှိုင်းဆောင်ရွက်ပေးရမည်။

၃၅။ သက်ဆိုင်ရာဥပဒေရုံးနှင့် ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့တို့သည် ရပ်ရွာအခြေပြုလူကုန်ကူးမှုစိစစ်ဖော်ထုတ်ရေးအဖွဲ့ဝင်တစ်ဦးဦးနှင့် လူကုန်ကူးခံရသူတို့က တရားရုံး၌ သက်သေခံရာတွင် လိုအပ်သော ဥပဒေဆိုင်ရာအကူအညီများအား ဆောင်ရွက်ပေးရမည်။

၃၆။ ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့သည် လူကုန်ကူးခံရသူက အကူအညီတောင်းခံလာသည့်အခါ ဥပဒေရေးရာအကြံပေးဆွေးနွေးတိုင်ပင်ခြင်းနှင့် အသိပေးပြောကြားခြင်းတို့ကို ကူညီဆောင်ရွက်ပေးရမည်။

၃၇။ လူကုန်ကူးခံရသူသည် အမျိုးသမီး သို့မဟုတ် ကလေးသူငယ်ဖြစ်ပါက ကာယိန္ဒြေစောင့်ထိန်းမှုနှင့် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာလုံခြုံမှုရှိစေရန် ယင်းတို့နှင့်သက်ဆိုင်သော စာရွက်စာတမ်းများကို အခြားမှုခင်းတစ်စုံတစ်ရာတွင် ယင်းတို့၏အကျိုးနှင့်ဆန့်ကျင်၍ သက်သေခံအဖြစ် တင်ပြခွင့်မရှိစေရ။

၃၈။ အမျိုးသမီး သို့မဟုတ် ကလေးသူငယ်ပါဝင်သော လူကုန်ကူးမှုစစ်ဆေးရာတွင် ယင်းတို့၏အကျင့်စာရိတ္တနှင့် ဂုဏ်သိက္ခာကိုထိခိုက်စေသည့် မေးခွန်းများ မေးမြန်းခြင်းမပြုရန်နှင့် မေးမြန်းသည့်အခြားမေးခွန်းများကို ဖြေဆိုရာတွင် ကိုယ်အမူအရာဖြင့်ဖြစ်စေ၊ နှုတ်ဖြင့်ဖြစ်စေ ပိတ်ပင်ခြင်း၊ တားဆီးခြင်းမပြုရ။

၃၉။ တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များ၊ တားဆီးနှိမ်နင်းရေးအရာရှိများနှင့် အမှုစစ်အရာရှိများသည် လူကုန်ကူးမှုနှင့်ဆက်စပ်ပြီး ပေါ်ပေါက်လာသော အခြားတည်ဆဲဥပဒေတစ်ရပ်ရပ်အရ

ပြစ်မှုနှင့် ငြိစွန်းကြောင်းတွေ့ရှိရသည့် လူကုန်ကူးခံရသူအား အရေးယူရန် ကိစ္စပေါ်ပေါက်လာပါက လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် လူကုန်ကူးခံရသူများအား အကာအကွယ်ပေးရေးဆိုင်ရာ လုပ်ငန်းကော်မတီမှတစ်ဆင့် ဗဟိုအဖွဲ့သို့ တင်ပြ၍ ခွင့်ပြုမိန့်ရယူရမည်။

၄၀။ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများသည် လူကုန်ကူးခံရသူ၏ ဥပဒေပါ အခွင့်အရေးများ ထိခိုက်နစ်နာဆုံးရှုံးမှုမရှိစေရန် ကာကွယ်စောင့်ရှောက်ခြင်းနှင့် ကူညီပံ့ပိုးခြင်း ပြုရမည်။

၄၁။ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများသည် လူကုန်ကူးခံရသူ၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ရာတွင် ဗဟိုအဖွဲ့၏ သတ်မှတ်ထားသော စံလုပ်ထုံးလုပ်နည်းများနှင့် သက်ဆိုင်ရာ လုပ်ငန်းကော်မတီ၏ လမ်းညွှန်ချက်များအတိုင်း လိုက်နာဆောင်ရွက်ရမည်။

## အခန်း (၆)

## ရှာဖွေခြင်း၊ ဖမ်းဆီးခြင်းနှင့် သက်သေခံပစ္စည်း သိမ်းဆည်းခြင်း

၄၂။ (က) အဆင့်ဆင့်သော ရဲအရာရှိနှင့် တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်တို့ကဖြစ်စေ၊ ဒေသဆိုင်ရာ တားဆီးကာကွယ်ရေးအဖွဲ့ဝင်တို့ကဖြစ်စေ ပြစ်မှုကျူးလွန်ကြောင်း စွပ်စွဲခြင်းခံရသူအား ဖမ်းဆီးရမိပါက တိုင်စာနှင့်အတူ နီးစပ်ရာ ရဲစခန်းသို့ အမြန်ဆုံးပို့အပ်ရမည်။

(ခ) ပြစ်မှုကျူးလွန်ကြောင်းစွပ်စွဲခြင်းခံရသူအား လွှဲပြောင်းလက်ခံရရှိသည့် ရဲစခန်းမှူးသည် ပထမသတင်းပေးတိုင်ချက်ရေးဖွင့်၍ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့နှင့် ပူးပေါင်းစစ်ဆေးဆောင်ရွက်ရမည်။

(ဂ) မြို့နယ်ရဲတပ်ဖွဲ့မှူး၊ တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့နှင့် တပ်ဖွဲ့စုမှူးတို့သည် လူကုန်ကူးခံရသူနှင့်ပတ်သက်၍ အမှုစစ်ဆေးဆဲကာလတွင် ယာယီစောင့်ရှောက်ထားရှိရေးအတွက် ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ ယာယီစောင့်ရှောက်ရေးဂေဟာသို့မဟုတ် အခြား သင့်လျော်သော လုံခြုံစိတ်ချရသည့် နေရာ၊ ဂေဟာ သို့မဟုတ် ပရဟိတဂေဟာ တစ်ခုခုသို့ ယာယီနေထိုင်ခွင့်ပြုရန် ပုံစံ(၃)ဖြင့် အပ်နှံရမည်။

၄၃။ တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့နှင့် တားဆီးနှိမ်နင်းရေးအရာရှိများသည်-

(က) လူကုန်ကူးခံရသူအား တွေ့ဆုံမေးမြန်းရာတွင် ရဲစခန်းသို့ ခေါ်ဆောင်ပြီး အကြောင်းမဲ့ အချိန်ကြာမြင့်စွာ ထားရှိခြင်းမပြုရ။

(ခ) လူကုန်ကူးခံရသူကို တွေ့ဆုံမေးမြန်းရန်လိုအပ်ပါက သီးသန့်ရုံးခန်းတွင်သာ တွေ့ဆုံ မေးမြန်းရမည်။

(ဂ) လူကုန်ကူးမှုနှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးရာတွင် လိုအပ်ပါက စကားပြန် သို့မဟုတ် လက်သင်္ကေတပြ စကားပြန်ဖြင့် စစ်ဆေးနိုင်ရန် စီစဉ်ပေးရမည်။

(ဃ) လူကုန်ကူးခံရသူသည် အမျိုးသမီး သို့မဟုတ် ကလေးသူငယ် ဖြစ်လျှင်လည်းကောင်း၊ သက်သေသည် ကလေးသူငယ်ဖြစ်လျှင်လည်းကောင်း ယင်းတို့အား တွေ့ဆုံမေးမြန်းရာတွင် သီးသန့်ရုံးခန်း၌သာ ဆောင်ရွက်ရမည့်အပြင် လူမှုဝန်ထမ်းဦးစီးဌာန သို့မဟုတ် ပြန်လည်ထူထောင်ရေးဦးစီးဌာနမှ ကိုယ်စားလှယ်နှင့် သက်ဆိုင်ရာ ကလေးသူငယ်၏ မိဘ သို့မဟုတ် အုပ်ထိန်းသူ၏ရှေ့မှောက်တွင် ဆွေးနွေးမေးမြန်းခြင်း ပြုရမည်။

(င) လူကုန်ကူးခံရသူအား လတ်တလောအခြေအနေအရ လိုအပ်သည့်အကူအညီကို တတ်နိုင်သရွေ့ ကူညီပေးရမည်။

၄၄။ တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့နှင့် တားဆီးနှိမ်နင်းရေးအရာရှိများသည် လူကုန်ကူးမှုကို နောက်ကွယ်မှ အဓိက ကျူးလွန်သူများ၊ ပြည်တွင်းပြည်ပဂိုဏ်းဖွဲ့မှုခင်းကျူးလွန်သူအုပ်စုများနှင့် နိုင်ငံဖြတ်ကျော်မှုခင်း ကျူးလွန်သူများကို ဖော်ထုတ်ဖမ်းဆီးနိုင်ရေးအတွက် လူကုန်ကူးမှု တားဆီးကာကွယ်ရေးနှင့် လူကုန်ကူးခံရသူများအား အကာအကွယ်ပေးရေးဆိုင်ရာ လုပ်ငန်းကော်မတီ၏ စိစစ်ခွင့်ပြုချက်အရ ထိန်းချုပ်ဖော်ထုတ်ခြင်း (Controlled Delivery) နည်းတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ကြောင်းစွပ်စွဲခြင်းခံရသူများအား နောက်ယောင်ခံ၍ စုံစမ်းဖော်ထုတ်ရှာဖွေခြင်း၊ ဖမ်းဆီးခြင်း၊ လျှို့ဝှက်အမာခံ သတင်းပေးသူအား အသုံးပြု၍ ဖော်ထုတ်ဖမ်းဆီးခြင်းတို့ကို ဗဟိုအဖွဲ့၏ အမိန့်၊ ညွှန်ကြားချက်နှင့်အညီ ဆောင်ရွက်ရမည်။

## အခန်း (၇)
## ပြစ်မှုနှင့်သက်ဆိုင်သည့် မရွှေ့မပြောင်းနိုင်သောပစ္စည်းကို သက်သေခံပစ္စည်းအဖြစ် ချိပ်ပိတ်သိမ်းဆည်းခြင်း

၄၅။ တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့နှင့် တားဆီးနှိမ်နင်းရေးအရာရှိများသည် သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းသော ပြစ်မှုနှင့်သက်ဆိုင်သည့် မရွှေ့မပြောင်းနိုင်သော ပစ္စည်းနှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးတွေ့ရှိချက်အရ အမှုစစ်ဆေးနေစဉ်အတွင်း တစ်နည်းနည်းဖြင့် ပြောင်းလဲခြင်း၊ လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ဖုံးကွယ်ခြင်း၊ ဖျောက်ဖျက်ခြင်း၊ ဖျက်စီးခြင်း၊ ပျက်စီးစေခြင်း သို့မဟုတ် အသွင်ပြောင်းလဲခြင်း ပြုနိုင်ဖွယ်ရာ အထောက်အထားများတွေ့ရှိပါက စစ်ဆေးတွေ့ရှိချက်အကျဉ်းနှင့် ကျိုးကြောင်းဖော်ပြချက် အစီရင်ခံစာကို မိမိဌာန၊ အဖွဲ့အစည်း၏ အကြီးအကဲမှတစ်ဆင့် ဗဟိုအဖွဲ့သို့ တင်ပြရမည်။

၄၆။ တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့နှင့် တားဆီးနှိမ်နင်းရေးအရာရှိများသည် ဗဟိုအဖွဲ့၏ စာဖြင့် ချိပ်ပိတ်ရန် ညွှန်ကြားချက်ရရှိသည့်အခါ ယင်းညွှန်ကြားချက်ကို ပြစ်မှုနှင့်သက်ဆိုင်သည့် မရွှေ့မပြောင်းနိုင်သောပစ္စည်း တည်ရှိရာနေရာ၏ အများပြည်သူမြင်သာသောနေရာတွင် ကပ်ထားရမည့်အပြင် သက်ဆိုင်ရာရဲစခန်း၊ မြို့နယ်နှင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးတို့တွင်လည်း အများပြည်သူမြင်သာသည့် နေရာ၌ ကပ်ထားရမည်။

၄၇။ တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့နှင့် တားဆီးနှိမ်နင်းရေးအရာရှိများသည် ဗဟိုအဖွဲ့၏စာဖြင့် ညွှန်ကြားချက်အရ လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် လူကုန်ကူးခံရသူများအား အကာအကွယ် ပေးရေးဆိုင်ရာလုပ်ငန်းကော်မတီ၏ ကြီးကြပ်မှုဖြင့် အဆိုပါချိပ်ပိတ်ရန် ညွှန်ကြားချက် ထုတ်ဆင့် ထားသည့် မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းချိပ်ပိတ်သိမ်းဆည်းခြင်း သို့မဟုတ် ခံဝန်ဖြင့် ပြန်လည် ပေးအပ်ခြင်းတို့ ပြုလုပ်နိုင်သည်။ ခံဝန်ဖြင့် ပြန်လည်ပေးအပ်ခြင်းမပြုပါက မရွှေ့မပြောင်းနိုင်သော ပစ္စည်းမှာ နေအိမ်၊ အဆောက်အအုံဖြစ်လျှင် နေထိုင်သူများကို ဖယ်ရှားပြီး သော့ခတ်၍ ချိပ်ပိတ် သိမ်းဆည်းထားရမည်။

၄၈။ ဗဟိုအဖွဲ့၏စာဖြင့် ချိပ်ပိတ်ရန်ညွှန်ကြားချက် ထုတ်ဆင့်ထားသည့် မရွှေ့မပြောင်းနိုင်သော ပစ္စည်းကို မည်သူမျှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်း၊ ပေးကမ်းခြင်း၊ လှူဒါန်းခြင်း၊ သူတစ်ပါးအား အခွင့်အမိန့်ဖြင့် နေထိုင်ခွင့်ပေးခြင်း၊ အခြားနည်းဖြင့် လွှဲပြောင်းခြင်း၊ ဖျောက်ဖျက်ခြင်း၊ ဖျက်စီးခြင်း သို့မဟုတ် အသွင်ပြောင်းလဲခြင်း မပြုရ။

၄၉။ တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့သည် လူကုန်ကူးမှုဖြင့် သိမ်းဆည်းထားသော ငွေကြေးနှင့် သက်သေခံပစ္စည်းများသည် တရားမဝင်သော နည်းလမ်းဖြင့်ရရှိသည့် ငွေကြေးနှင့် ပစ္စည်းများ ဖြစ်ကြောင်း စိစစ်ပေါ်ပေါက်ပါက ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေအရ အရေးယူနိုင်ရန် ဗဟိုအဖွဲ့မှတစ်ဆင့် ငွေကြေးခဝါချမှုတိုက်ဖျက်ရေး ဗဟိုအဖွဲ့သို့ ဆက်သွယ်ဆောင်ရွက်ရမည်။

## အခန်း (၈)

## သက်သေခံ ငွေကြေးနှင့်ရွှေ့ပြောင်းနိုင်သောပစ္စည်းများကို နိုင်ငံ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရေးအတွက် အဖွဲ့ဝင်တစ်နိုင်ငံမှတစ်နိုင်ငံသို့ လွှဲပြောင်းပေးပို့ခြင်း

၅၀။ လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် လူကုန်ကူးခံရသူများအား အကာအကွယ်ပေးရေးဆိုင်ရာ လုပ်ငန်းကော်မတီသည် တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့သို့မဟုတ် ရဲအရာရှိ၏တင်ပြချက်အရ အခြား အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံတွင်ရှိသည့် လူကုန်ကူးမှုနှင့်သက်ဆိုင်သော သက်သေခံငွေကြေးနှင့် ရွှေ့ပြောင်းနိုင်သောပစ္စည်းများကို ရှာဖွေသိမ်းဆည်းခြင်းနှင့် နိုင်ငံ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်း တို့ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည်များကို ပြုစု၍ ဗဟိုအဖွဲ့သို့ တင်ပြရမည်။

၅၁။ ဗဟိုအဖွဲ့သည် နည်းဥပဒေ ၅၀ အရ တင်ပြချက်ကို စိစစ်ပြီး အခြားအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံ တွင်ရှိသည့် သက်သေခံငွေကြေးနှင့် ရွှေ့ပြောင်းနိုင်သောပစ္စည်းများကို ရှာဖွေသိမ်းဆည်းခြင်းနှင့် နိုင်ငံ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းတို့ ဆောင်ရွက်နိုင်ရေးအတွက် ခွင့်ပြုချက်ရရှိရန် ပြစ်မှုဆိုင်ရာ ကိစ္စရပ်များတွင် နိုင်ငံအချင်းချင်းအကူအညီပေးရေးဥပဒေအရ ဖွဲ့စည်းထားသည့် ဗဟိုအာဏာပိုင် အဖွဲ့သို့ ဆက်လက်တင်ပြရမည်။

၅၂။ ဗဟိုအဖွဲ့သည် ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် နိုင်ငံအချင်းချင်းအကူအညီပေးရေးဥပဒေအရ ဖွဲ့စည်းထားသည့် ဗဟိုအာဏာပိုင်အဖွဲ့၏ ခွင့်ပြုချက်ရရှိပါက အခြားအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံရှိ သက်သေခံငွေကြေးနှင့် ရွှေ့ပြောင်းနိုင်သောပစ္စည်းကို ရှာဖွေ သိမ်းဆည်းရေးနှင့် နိုင်ငံ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရေးတို့အတွက် သက်ဆိုင်ရာ အခြားအဖွဲ့ဝင်နိုင်ငံ၏ အခွင့်အာဏာပိုင်ထံသို့ သက်ဆိုင်ရာ တည်ဆဲဥပဒေများနှင့်အညီ တောင်းဆိုနိုင်ရန် လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် လူကုန်ကူးခံရသူများအား အကာအကွယ်ပေးရေးဆိုင်ရာလုပ်ငန်း ကော်မတီနှင့် နိုင်ငံတကာဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ လုပ်ငန်းကော်မတီတို့ကို ပူးတွဲတာဝန်ပေးအပ်ရမည်။

၅၃။ လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် လူကုန်ကူးခံရသူများအား အကာအကွယ်ပေးရေးဆိုင်ရာ လုပ်ငန်းကော်မတီနှင့် နိုင်ငံတကာဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ဆိုင်ရာလုပ်ငန်းကော်မတီ တို့သည် နည်းဥပဒေ ၅၂ ပါ ဗဟိုအဖွဲ့၏ တာဝန်ပေးအပ်ချက်အရ အခြားအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံရှိ သက်သေခံ ငွေကြေးနှင့် ရွှေ့ပြောင်းနိုင်သောပစ္စည်းကို ရှာဖွေသိမ်းဆည်းရေးအတွက် ဆောင်ရွက် ပေးရန်နှင့် နိုင်ငံ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရေးတို့အတွက် နိုင်ငံတော်သို့ လွှဲပြောင်းပေးရန် အခြား အဖွဲ့ဝင်နိုင်ငံ၏ အခွင့်အာဏာပိုင်ထံသို့ သံတမန်လမ်းကြောင်းဖြင့် ဆက်သွယ်ညှိနှိုင်း၍ အကူအညီ တောင်းဆို ရမည်။

၅၄။ အခြားအဖွဲ့ဝင်နိုင်ငံတွင် လူကုန်ကူးမှု နှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးတွေ့ရှိချက်အရ ပြစ်မှု နှင့် သက်ဆိုင်သော သက်သေခံ ငွေကြေးနှင့် ရွှေ့ပြောင်းနိုင်သောပစ္စည်းမှာ နိုင်ငံတော်အတွင်း၌ ရှိနေပြီး ထိုသက်သေခံပစ္စည်းများကို ရှာဖွေသိမ်းဆည်းရေးနှင့် ပြည်ပနိုင်ငံ၏ ဘဏ္ဍာအဖြစ် သိမ်းဆည်းရေး တို့အတွက် ဆောင်ရွက်ပေးရန် သက်ဆိုင်ရာ အခြားအဖွဲ့ဝင်နိုင်ငံ၏ အခွင့်အာဏာပိုင်က သံတမန် လမ်းကြောင်းမှတစ်ဆင့် သတ်မှတ်ချက်များနှင့်အညီ တောင်းဆိုလာသည့်အခါ ဗဟိုအဖွဲ့သည် နိုင်ငံတကာဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ လုပ်ငန်းကော်မတီအား တာဝန် ပေးအပ်ရမည်။

## အခန်း (၉)

## ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများရှိ ငွေရေးကြေးရေးဆိုင်ရာမှတ်တမ်းများကို စစ်ဆေးကြည့်ရှုခြင်း၊ မိတ္တူကူးယူခြင်းနှင့် သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းခြင်း

၅၅။ တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့နှင့် တားဆီးနှိမ်နင်းရေးအရာရှိများသည် ဥပဒေပါပြစ်မှု တစ်ရပ်ရပ်နှင့် သက်ဆိုင်ပြီး ပြစ်မှုကျူးလွန်သူက ငွေကြေး၊ ပစ္စည်း သို့မဟုတ် အခြားအကျိုးအမြတ်ကို ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများတွင် အပ်နှံထားကြောင်းပေါ်ပေါက်ပါက ယင်းတို့ကို

တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းမပြုရန် တားမြစ်ခြင်း၊ ငွေကြေးနှင့်ပစ္စည်းများ၊ မှတ်တမ်းများကို စစ်ဆေးကြည့်ရှုခွင့်၊ မိတ္တူကူးယူခွင့်၊ လိုအပ်ပါက သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းခွင့်ရရှိရေး အတွက် ဗဟိုအဖွဲ့၏ ခွင့်ပြုမိန့်ရရှိရန် အောက်ပါအချက်အလက်များကို ဖော်ပြပြီး လူကုန်ကူးမှု တားဆီးကာကွယ်ရေးနှင့် လူကုန်ကူးခံရသူများအား အကာအကွယ်ပေးရေးဆိုင်ရာလုပ်ငန်း ကော်မတီသို့ တင်ပြရမည်-

(က) စုံစမ်းဖော်ထုတ်ချက်အရ သိရှိသော ကျူးလွန်သည့်ပြစ်မှုအကျဉ်းချုပ်၊

(ခ) ပြစ်မှုကျူးလွန်ကြောင်း စစ်ဆေးတွေ့ရှိချက်၊

(ဂ) ဆောင်ရွက်လိုသည့်ကိစ္စနှင့်ဆောင်ရွက်မည့် အချိန်ကာလ၊

(ဃ) ဆောင်ရွက်လိုသည့်ကိစ္စနှင့်သက်ဆိုင်သော ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်း အမည်နှင့် လိပ်စာ။

၅၆။ (က) လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် လူကုန်ကူးခံရသူများအား အကာအကွယ် ပေးရေးဆိုင်ရာ လုပ်ငန်းကော်မတီသည် နည်းဥပဒေ ၅၅ အရ တင်ပြချက်ကို စိစစ်ပြီး ခွင့်ပြုမိန့်ထုတ်ပေးနိုင်ရေးအတွက် သဘောထားမှတ်ချက်နှင့်အတူ ဗဟို အဖွဲ့သို့ ဆက်လက်တင်ပြရမည်။

(ခ) ဗဟိုအဖွဲ့သည် နည်းဥပဒေခွဲ (က) အရ တင်ပြချက်ကိုစိစစ်ပြီး ဘဏ်နှင့် ငွေရေး ကြေးရေးအဖွဲ့အစည်းများတွင် အပ်နှံထားသည့် ငွေကြေး၊ ပစ္စည်း သို့မဟုတ် အခြား အကျိုးအမြတ်များကို တစ်နည်းနည်းဖြင့်လွှဲပြောင်းခြင်း မပြုရန် တားမြစ်ခြင်း၊ ငွေရေးကြေးရေးဆိုင်ရာမှတ်တမ်းများကို စစ်ဆေးကြည့်ရှုခြင်း၊ မိတ္တူကူးယူခြင်း နှင့် သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းခြင်းတို့ ပြုနိုင်ရေးအတွက် လူကုန်ကူးမှု တားဆီးကာကွယ်ရေးနှင့်လူကုန်ကူးခံရသူများအား အကာအကွယ်ပေးရေးဆိုင်ရာ လုပ်ငန်းကော်မတီသို့ ခွင့်ပြုမိန့် ထုတ်ပေးရမည်။

၅၇။ လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် လူကုန်ကူးခံရသူများအား အကာအကွယ်ပေးရေး ဆိုင်ရာလုပ်ငန်းကော်မတီသည် ဗဟိုအဖွဲ့၏ခွင့်ပြုမိန့်နှင့်အညီ သက်ဆိုင်ရာ ဘဏ်နှင့် ငွေရေးကြေးရေး အဖွဲ့အစည်းများမှ တာဝန်ရှိသူများကို ကိစ္စရပ်တစ်ခုချင်းအလိုက် အောက်ပါအကြောင်းကြားစာ တစ်မျိုးမျိုးကိုဖြစ်စေ၊ တစ်မျိုးထက်ပို၍ဖြစ်စေ ပေးပို့ရမည်-

(က) ငွေကြေးနှင့် ပစ္စည်းများကို ထုတ်ယူခြင်း၊ လွှဲပြောင်းခြင်းမပြုရန် တားမြစ်သည့် အကြောင်းကြားစာ၊

(ခ) ငွေရေးကြေးရေးမှတ်တမ်းများကို စစ်ဆေးကြည့်ရှုခွင့်ပြုရန်၊ မိတ္တူကူးယူခွင့်ပြုရန် အကြောင်းကြားစာ၊

(ဂ) ငွေရေးကြေးရေးမှတ်တမ်းများ၊ ငွေကြေးနှင့်ပစ္စည်းများကို သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းခွင့်ပြုရန် အကြောင်းကြားစာ။

၅၈။ လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် လူကုန်ကူးခံရသူများအား အကာအကွယ်ပေးရေးဆိုင်ရာလုပ်ငန်းကော်မတီသည် နည်းဥပဒေ ၅၇ ပါ အကြောင်းကြားစာ ပေးပို့သည့်အခါ အကြောင်းကြားစာမိတ္တူကို သက်ဆိုင်ရာဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်း၏ အကြီးအကဲထံသို့ ပေးပို့ရမည်။

၅၉။ လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် လူကုန်ကူးခံရသူများအား အကာအကွယ်ပေးရေးဆိုင်ရာ လုပ်ငန်းကော်မတီသည် နည်းဥပဒေ ၅၇ နှင့် ၅၈ တို့အရ အကြောင်းကြားစာပေးပို့ပြီးနောက် နည်းဥပဒေ ၅၆ နည်းဥပဒေခွဲ (ခ) အရ ဗဟိုအဖွဲ့ကထုတ်ပေးသည့် ခွင့်ပြုမိန့်ကို သက်ဆိုင်ရာ တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့နှင့် ရဲအရာရှိများသို့ ပေးပို့ရမည်။

၆၀။ တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့နှင့် ရဲအရာရှိများသည်-

(က) လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် လူကုန်ကူးခံရသူများအား အကာအကွယ်ပေးရေးဆိုင်ရာလုပ်ငန်းကော်မတီ၏ တာဝန်ပေးချက်အရ ဗဟိုအဖွဲ့၏ ခွင့်ပြုမိန့်နှင့်အညီ သက်ဆိုင်ရာ ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းများတွင် ရှိသောငွေကြေး၊ ပစ္စည်း သို့မဟုတ် အခြားအကျိုးအမြတ်များကို တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းမပြုရန် တားမြစ်ခြင်း၊ ငွေရေးကြေးရေးဆိုင်ရာ မှတ်တမ်းများကို စစ်ဆေးကြည့်ရှုခြင်း၊ မိတ္တူကူးယူခြင်း၊ သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းခြင်းတို့ကို ဆောင်ရွက်ရမည်။

(ခ) သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းသည့် စိန်၊ ရွှေ၊ ငွေ၊ ကျောက်မျက်ရတနာ၊ လက်ဝတ်လက်စား၊ ငွေကြေးနှင့် အဖိုးတန်ပစ္စည်းများကို လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် လူကုန်ကူးခံရသူများအား အကာအကွယ်ပေးရေးဆိုင်ရာလုပ်ငန်းကော်မတီကသတ်မှတ်သည့် ဘဏ်နှင့် ငွေရေးကြေးရေး အဖွဲ့အစည်းသို့ လုံခြုံမှုအတွက် အပ်နှံသည့်စနစ်ဖြင့် အပ်နှံထားရမည်။

## အခန်း (၁၀)

## အီလက်ထရောနစ် သတင်းအချက်အလက် ကြားဖြတ်ဖမ်းယူခြင်း၊ ဖြတ်တောက်ခြင်း၊ ကန့်သတ်ခြင်းနှင့် တည်နေရာအတည်ပြုခြင်း

၆၁။ ဗဟိုအဖွဲ့သည် ပြစ်မှုကျူးလွန်ကြောင်း စွပ်စွဲခြင်းခံရသူများနှင့် သက်ဆိုင်သည့် အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်မှုများကို ဖြတ်တောက်ခြင်း၊ ကန့်သတ်ခြင်း၊ ကြားဖြတ်

ဖမ်းယူခြင်း၊ တည်နေရာ အတည်ပြုခြင်းတို့အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် မှတ်တမ်းများကို စစ်ဆေးကြည့်ရှုခြင်း၊ မိတ္တူ ကူးယူခြင်းနှင့် သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းခြင်းတို့ ပြုနိုင်ရေးအတွက် တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ကို တာဝန်ပေးအပ်နိုင်ရန် လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် လူကုန်ကူးခံရသူများအား အကာအကွယ်ပေးရေးဆိုင်ရာလုပ်ငန်းကော်မတီအား ခွင့်ပြုမိန့်ထုတ်ပေးနိုင်သည်။

၆၂။ လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် လူကုန်ကူးခံရသူများအား အကာအကွယ်ပေးရေးဆိုင်ရာ လုပ်ငန်းကော်မတီသည်-

(က) ဗဟိုအဖွဲ့၏ ခွင့်ပြုမိန့်ဖြင့် သက်ဆိုင်ရာ တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့အား တာဝန်ပေးရာတွင် တစ်ကြိမ်လျှင်ရက်ပေါင်း ၆၀ ထက် မပိုစေရ။

(ခ) ဗဟိုအဖွဲ့က ထုတ်ပေးထားသော ခွင့်ပြုမိန့်မိတ္တူကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနသို့ ပေးပို့အသိပေးရမည်။

၆၃။ တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့သည် ဗဟိုအဖွဲ့၏ခွင့်ပြုမိန့်ဖြင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် လူကုန်ကူးခံရသူများအား အကာအကွယ်ပေးရေးဆိုင်ရာလုပ်ငန်းကော်မတီ၏ တာဝန်ပေးအပ်ချက်အရ အောက်ပါတို့ကိုဆောင်ရွက်ရမည် -

(က) ပြစ်မှုကျူးလွန်ကြောင်း စွပ်စွဲခြင်းခံရသူများကို စုံစမ်းဖော်ထုတ်၍ ထိရောက်စွာ အရေးယူနိုင်ရေးအတွက် ဆက်သွယ်ရေးဥပဒေအရ ထုတ်ပေးထားသည့် လုပ်ငန်းလိုင်စင်ရရှိသော သက်ဆိုင်ရာ ပုဂ္ဂိုလ်၊ အဖွဲ့အစည်း သို့မဟုတ် ယင်းပုဂ္ဂိုလ် အဖွဲ့အစည်း၏ သက်ဆိုင်ရာ အော်ပရေတာအား အသိပေးအကြောင်းကြားပြီး ပြစ်မှုကျူးလွန်ကြောင်း စွပ်စွဲခြင်းခံရသူများ၏ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်မှုများကို ဖြတ်တောက်ခြင်း၊ ကန့်သတ်ခြင်း၊ ကြားဖြတ်ဖမ်းယူခြင်းနှင့် တည်နေရာအတည်ပြု ခြင်းတို့ ပြုရမည်။

(ခ) ပြစ်မှုနှင့်သက်ဆိုင်သည့်မှတ်တမ်းများကို စစ်ဆေးကြည့်ရှုခြင်း၊ မိတ္တူကူးယူခြင်းနှင့် သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းခြင်း ပြုရမည်။

(ဂ) နည်းဥပဒေခွဲ(က)နှင့်(ခ) တို့ပါ လုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်ရေးအတွက် ဆက်သွယ်ရေးဥပဒေအရ ထုတ်ပေးထားသည့် လုပ်ငန်းလိုင်စင်ရရှိသော သက်ဆိုင်ရာ ပုဂ္ဂိုလ်၊ အဖွဲ့အစည်း၏ သက်ဆိုင်ရာ အော်ပရေတာအား အသိပေးစာဖြင့် ဖြစ်စေ၊ ဖက်စ်ဖြင့်ဖြစ်စေ၊ အီးမေးလ်ဖြင့်ဖြစ်စေ အကြောင်းကြားရာတွင် အောက်ပါအချက်များကို ဖော်ပြရမည်-

(၁) တာဝန်ပေးခြင်းခံရသည့် သက်ဆိုင်ရာ တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင် နှင့် ရဲအရာရှိ အမည်၊ အဆင့်၊ ရာထူး၊ တာဝန်၊ ဌာန၊ အဖွဲ့အစည်း၊

(၂) ပြစ်မှုကျူးလွန်ကြောင်းစွပ်စွဲခြင်းခံရသူများ၏ အမည်၊ နေရပ်လိပ်စာ၊

( ၃ ) ကျူးလွန်သည့် လူကုန်ကူးမှုဖြစ်စဉ်အကျဉ်း၊

( ၄ ) အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးကို ဖြတ်တောက်ခြင်း၊ ကန့်သတ်ခြင်း သို့မဟုတ် ကြားဖြတ်ဖမ်းယူခြင်းပြုမည့် ဖုန်း၊ ဖက်စ်အမှတ်နှင့် အီးမေးလ်လိပ်စာ၊

( ၅ ) အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးကို ဖြတ်တောက်ခြင်း၊ ကန့်သတ်ခြင်း သို့မဟုတ် ကြားဖြတ်ဖမ်းယူခြင်းပြုမည့် အချိန်ကာလနှင့် နေရာဒေသ။

၆၄။ သက်ဆိုင်ရာ ဆက်သွယ်ရေးလုပ်ငန်းလိုင်စင်ရရှိသူ သို့မဟုတ် ၎င်း၏အေဂျင်ရေတာသည် တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင် တစ်ဦးဦးက အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်မှုများကို ဖြတ်တောက်ခြင်း၊ ကန့်သတ်ခြင်း၊ ကြားဖြတ်ဖမ်းယူခြင်းတို့ကိုလည်းကောင်း၊ ပြစ်မှုနှင့်သက်ဆိုင်သည့် မှတ်တမ်းများကို စစ်ဆေးကြည့်ရှုခြင်း၊ မိတ္တူကူးယူခြင်းနှင့် သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းခြင်းတို့ကိုလည်းကောင်း ဆောင်ရွက်ရာတွင် ငြင်းပယ်ခြင်း၊ ကန့်ကွက်ခြင်း သို့မဟုတ် နှောင့်ယှက်ခြင်း မပြုရ။

၆၅။ (က) သက်ဆိုင်ရာ တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်သည် ကြားဖြတ်ဖမ်းယူရရှိသည့် လူကုန်ကူးမှုနှင့်စပ်လျဉ်းသည့် သတင်းအချက်အလက်များကို လျှို့ဝှက်အဆင့် သတ်မှတ်၍ မှတ်တမ်းပြုစုပြီး လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် လူကုန်ကူးခံရသူများအား အကာအကွယ်ပေးရေးဆိုင်ရာလုပ်ငန်းကော်မတီသို့ အချိန်နှင့်တစ်ပြေးညီ တင်ပြရမည်။

(ခ) လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် လူကုန်ကူးခံရသူများအား အကာအကွယ်ပေးရေး ဆိုင်ရာလုပ်ငန်းကော်မတီသည် ဗဟိုအဖွဲ့၏ခွင့်ပြုမိန့်အရ ပြစ်မှုကျူးလွန်ကြောင်း စွပ်စွဲခြင်းခံရသူများနှင့် သက်ဆိုင်သည့် အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်မှုများကို ဖြတ်တောက်ခြင်း၊ ကန့်သတ်ခြင်း သို့မဟုတ် ကြားဖြတ်ဖမ်းယူခြင်း၊ တည်နေရာ အတည်ပြုခြင်း တို့အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် မှတ်တမ်းများကို စစ်ဆေးကြည့်ရှုခြင်း၊ မိတ္တူကူးယူခြင်းနှင့် သက်သေခံပစ္စည်းများအဖြစ် သိမ်းဆည်းခြင်းပြုရန် သက်ဆိုင်ရာ တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များအား တာဝန်ပေးအပ်ပြီးနောက် မိမိလုပ်ငန်းကော်မတီ၏ ပြန်လည်သုံးသပ်ချက်အရဖြစ်စေ၊ သက်ဆိုင်ရာ တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များ၏ တင်ပြချက်အရဖြစ်စေ ဆက်လက်ဆောင်ရွက်ရန် မလိုအပ်ဟု ယူဆလျှင် ခွင့်ပြုမိန့်ကို ပြန်လည်ရုပ်သိမ်းနိုင်ရေးအတွက် ဗဟိုအဖွဲ့သို့ တင်ပြနိုင်သည်။

၆၆။ (က) သက်ဆိုင်ရာ တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့သည် လူကုန်ကူးမှုနှင့်စပ်လျဉ်း၍ ရရှိသည့် သတင်းအချက်အလက်များမှာ ပြည့်စုံမှုမရှိသေးသည့်အပြင် လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် နည်းဥပဒေ ၆၂ အရ ခွင့်ပြုသည့် သတ်မှတ်ချိန်နှင့်

လုံလောက်မှုမရှိပါက အချိန်ကာလတိုးမြှင့်ပေးရေးအတွက် ဗဟိုအဖွဲ့၏ ခွင့်ပြုမိန့်ရရှိရန် လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် လူကုန်ကူးခံရသူများအား အကာအကွယ်ပေးရေးဆိုင်ရာ လုပ်ငန်းကော်မတီသို့ တင်ပြနိုင်သည်။

(ခ) လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် လူကုန်ကူးခံရသူများအား အကာအကွယ်ပေးရေး ဆိုင်ရာလုပ်ငန်းကော်မတီသည် နည်းဥပဒေခွဲ(က)အရ တင်ပြချက်ကို စိစစ်ပြီး ဗဟိုအဖွဲ့၏ခွင့်ပြုမိန့်ဖြင့် အချိန်ကာလကို တစ်ကြိမ်လျှင် ရက်ပေါင်း ၆၀ ထက်မပိုစေဘဲ တိုးမြှင့် ပေးနိုင်သည်။

၆၇။ မည်သူမျှ ဗဟိုအဖွဲ့၏ ခွင့်ပြုမိန့်ဖြင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် လူကုန်ကူးခံရသူများအား အကာအကွယ်ပေးရေးဆိုင်ရာ လုပ်ငန်းကော်မတီက တာဝန်ပေးခြင်းမရှိဘဲ လူကုန်ကူးမှုနှင့်စပ်လျဉ်း၍ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်မှုများကို ဖြတ်တောက်ခြင်း၊ ကန့်သတ်ခြင်းသို့မဟုတ် ကြားဖြတ်ဖမ်းယူခြင်း မပြုရ။

## အခန်း (၁၁)
## နိုင်ငံဖြတ်ကျော်လူကုန်ကူးမှုများအား စုံစမ်းစစ်ဆေးခြင်း

၆၈။ တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှူးသည်-

(က) တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များ၊ တားဆီးနှိမ်နင်းရေး အရာရှိများနှင့် အမှုစစ်ရဲအရာရှိများ၏ တင်ပြချက်အရ နိုင်ငံဖြတ်ကျော်ကျူးလွန်သည့် လူကုန်ကူးမှုများကို ပြည်ပအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံတွင် စုံစမ်းထောက်လှမ်းရန် လိုအပ်သည့်အခါ ပြစ်မှုဆိုင်ရာ ကိစ္စရပ်များတွင် နိုင်ငံအချင်းချင်းအကူအညီပေးရေးဥပဒေအရ ဖွဲ့စည်းထားသည့် ဗဟိုအာဏာပိုင်အဖွဲ့၏ ခွင့်ပြုမိန့်ရယူနိုင်ရေးအတွက် အောက်ပါအချက်များကို မြန်မာဘာသာဖြင့်ဖြစ်စေ၊ အင်္ဂလိပ်ဘာသာဖြင့်ဖြစ်စေ ဖော်ပြပြီး နိုင်ငံတကာဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ လုပ်ငန်းကော်မတီမှတစ်ဆင့် ဗဟိုအဖွဲ့သို့ တင်ပြ ရမည်-

(၁) အကူအညီတောင်းခံသည့်ကိစ္စနှင့်သက်ဆိုင်သည့် အမှု၏အကျဉ်းချုပ်၊

(၂) သက်ဆိုင်ရာ ပုဂ္ဂိုလ်နှင့်ပတ်သက်၍ ဖြစ်နိုင်ပါက ၎င်း၏ထင်ရှားစေသည့် အထောက်အထား၊ ရှိနိုင်သည့် နေရပ်လိပ်စာနှင့် နိုင်ငံသား၊

(၃) သက်သေခံချက်ရယူသည့်ကိစ္စ၌ ကူညီဆောင်ရွက်ပေးရမည့် လုပ်ငန်းစဉ်များ၊

(၄) ဆောင်ရွက်ပေးစေလိုသည့် အချိန်ကာလနှင့်ကန့်သတ်ချက်၊

(၅) လျှို့ဝှက်ဆောင်ရွက်ပေးရမည့်ကိစ္စဖြစ်ပါက လျှို့ဝှက်ဆောင်ရွက်ရန် ဖော်ပြချက်၊

(၆) တောင်းခံသည့်အကူအညီနှင့်စပ်လျဉ်း၍ နိုင်ငံတော်တွင် ကျင့်သုံးနေသော လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးဥပဒေ၊ ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် နိုင်ငံအချင်းချင်းအကူအညီပေးရေးဥပဒေ၊ သက်သေခံအက်ဥပဒေနှင့် သက်ဆိုင်ရာ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၏ ကောက်နုတ်ချက်နှင့် အကြောင်းပြချက်များ၊

(၇) နိုင်ငံတော်တွင် အဆိုပါလူကုန်ကူးမှုကို စုံစမ်းထောက်လှမ်းခြင်း၊ တရားစွဲဆိုခြင်းပြုရန် တာဝန်ပေးအပ်ခြင်းခံရသည့် အရာရှိ အမည်၊ ရာထူးနှင့် တာဝန်၊

(၈) အခြားလိုအပ်သော အချက်အလက်များ။

(ခ) နည်းဥပဒေခွဲ(က) အရ ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် နိုင်ငံအချင်းချင်း အကူအညီပေးရေးဥပဒေအရ ဖွဲ့စည်းထားသည့် ဗဟိုအာဏာပိုင်အဖွဲ့၏ ခွင့်ပြုမိန့်ရယူနိုင်ရေးအတွက် ဗဟိုအဖွဲ့သို့ တင်ပြသည့် စာမိတ္တူကို မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်သို့ ပေးပို့ တင်ပြရမည်။

၆၉။ ဗဟိုအဖွဲ့သည် နည်းဥပဒေ ၆၈ အရ တင်ပြချက်ကို လက်ခံရရှိသည့်အခါ ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် နိုင်ငံအချင်းချင်းအကူအညီပေးရေးဥပဒေအရ ဖွဲ့စည်းထားသည့် ဗဟိုအာဏာပိုင်အဖွဲ့၏ ခွင့်ပြုမိန့်ရရှိရေးအတွက် ဆောင်ရွက်ပြီး ခွင့်ပြုမိန့်ရရှိပါက ဆက်လက်စုံစမ်း ထောက်လှမ်းနိုင်ရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်မှတစ်ဆင့် သက်ဆိုင်ရာ တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှူးအား တာဝန်ပေးအပ်ရမည်။

၇၀။ တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှူးသည် ဗဟိုအဖွဲ့၏ တာဝန်ပေးအပ်ချက်အရ ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် နိုင်ငံအချင်းချင်းအကူအညီပေးရေး ဥပဒေအရ ဖွဲ့စည်းထားသည့် ဗဟိုအာဏာပိုင်အဖွဲ့၏ ခွင့်ပြုမိန့်နှင့်အညီ ပြည်ပအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံသို့ ရောက်ရှိနေသည့် ပြစ်မှုကျူးလွန်သူနှင့် ပြစ်မှုကျူးလွန်ရာတွင် ပူးပေါင်းကြံစည်သူများ၊ အားပေးကူညီသူများနှင့် ထိုအမှုတွင် သက်ဆိုင်သူများအား ဖော်ထုတ်အရေးယူပြီး လူကုန်ကူးခံရသူကို အချိန်မီ အကာအကွယ်ပေးနိုင်ရေးအတွက် ဗီဒီယို ဆက်သွယ်ဆောင်ရွက်ရေး (Video Conferencing) နည်းအပါအဝင် အခြားအီလက်ထရောနစ်နည်းပညာတစ်ရပ်ရပ်ဖြင့် ပြည်ပအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံတွင် ဆောလျင်စွာ စုံစမ်းစစ်ဆေးပေးရန် အကူအညီတောင်းခံခြင်း သို့မဟုတ် ပြည်ပအဖွဲ့ဝင်နိုင်ငံမှ အမှုစုံစမ်းစစ်ဆေးရေးအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်စေခြင်းတို့ပြုနိုင်ရန် တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များ၊ တားဆီးနှိမ်နင်းရေးအရာရှိများနှင့် အမှုစစ် ရဲအရာရှိများအား တာဝန်ပေးအပ်ရမည်။

၇၁။ တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များ၊ တားဆီးနှိမ်နင်းရေးအရာရှိများနှင့် အမှုစစ်ရဲအရာရှိများသည် နည်းဥပဒေ ၇၀ ပါ တာဝန်ပေးအပ်ချက်အရ ပြည်ပအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံနှင့်ဆက်သွယ်၍ ဗီဒီယိုဆက်သွယ်ဆောင်ရွက်ရေး (Video Conferencing) နည်းအပါအဝင် အခြားအီလက်ထရောနစ် နည်းပညာတစ်ရပ်ရပ်ဖြင့် စစ်ဆေးခြင်း၊ သက်သေခံစာရွက်စာတမ်းများ၊ အထောက်အထားများ၊ သက်သေခံပစ္စည်းများကို ရှာဖွေသိမ်းဆည်းခြင်းတို့နှင့်စပ်လျဉ်း၍ ဥပဒေအရ ထုတ်ပြန်သည့် အမိန့်၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့် သက်ဆိုင်ရာတည်ဆဲဥပဒေများ နှင့်အညီ ဆောင်ရွက်ရမည်။

## အခန်း (၁၂)

## လူကုန်ကူးမှုများအား တရားစွဲဆိုခြင်းနှင့် စစ်ဆေးစီရင်ခြင်း

၇၂။ သက်ဆိုင်ရာ တရားစွဲအဖွဲ့အစည်းသည်-

(က) တရားစွဲဆိုမည့်အမှုနှင့်စပ်လျဉ်း၍ ဥပဒေနှင့်အညီဖြစ်စေရေးအတွက် အမှုနှင့် သက်ဆိုင်သော စာရွက်စာတမ်းများနှင့်အတူ သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥပဒေရုံးနှင့် ခရိုင်ဥပဒေရုံးသို့ ဥပဒေအကြံဉာဏ် တောင်းခံရမည်။

(ခ) ဥပဒေပါပြစ်မှုတစ်ရပ်ရပ်ကိုကျူးလွန်သူအား တရားစွဲဆိုရန် ကြိုတင်ခွင့်ပြုမိန့် ရရှိရေး အတွက် ကြိုတင်ခွင့်ပြုမိန့်ထုတ်ပေးရေးအဖွဲ့ထံသို့ အမှုတွဲမိတ္တူနှင့်အတူ တင်ပြရမည်။

၇၃။ ကြိုတင်ခွင့်ပြုမိန့်ထုတ်ပေးရေးအဖွဲ့သည် နည်းဥပဒေ ၇၂ နည်းဥပဒေခွဲ(ခ)အရ တင်ပြချက်ကို စိစစ်ပြီး ကြိုတင်ခွင့်ပြုမိန့်ထုတ်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။ ခွင့်ပြုပါက သက်ဆိုင်ရာတရားစွဲအဖွဲ့အစည်းအား ကြိုတင်ခွင့်ပြုမိန့်ကို ပုံစံ(၄)ဖြင့် ထုတ်ပေးရမည်။

၇၄။ သက်ဆိုင်ရာ တရားစွဲအဖွဲ့အစည်းသည်-

(က) နည်းဥပဒေ ၇၃ အရ ထုတ်ပေးသည့် ကြိုတင်ခွင့်ပြုမိန့်ရရှိပါက ပြစ်မှုကျူးလွန်သူအား သက်ဆိုင်ရာစီရင်ပိုင်ခွင့်ရှိသည့် တရားရုံးသို့ တရားစွဲဆို တင်ပို့ရမည်။

(ခ) သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥပဒေရုံးနှင့် ခရိုင်ဥပဒေရုံး၏ အကြံပြုချက်အရ ဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်သူက အခြားတည်ဆဲဥပဒေ တစ်ရပ်ရပ်အရ ပြစ်မှုကျူးလွန်ကြောင်း ခိုင်လုံသော အထောက်အထားများတွေ့ရှိသည့်အခါ ထိုသူအား ယင်းကျူးလွန်သော ဥပဒေအရ သက်ဆိုင်ရာ စီရင်ပိုင်ခွင့်ရှိသည့်တရားရုံးသို့ တရားစွဲဆိုတင်ပို့နိုင်ရေး ဆောင်ရွက်ရမည်။

၇၅။ သက်ဆိုင်ရာ တရားစွဲအဖွဲ့အစည်းသည် လူကုန်ကူးမှုကျူးလွန်သည့် ကလေးသူငယ်၏ အသက် နှင့်စပ်လျဉ်း၍ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေနှင့်အညီ ဆောင်ရွက်ရမည်။

၇၆။ သက်ဆိုင်ရာတရားရုံးသည် တရားရုံးသို့ ဥပဒေပါပြစ်မှုတစ်ရပ်ရပ်ဖြင့် စွဲဆိုသည့်အမှုတွင် သက်သေအဖြစ်ပါဝင်သော လူကုန်ကူးခံရသူအမျိုးသမီးနှင့် ကလေးသူငယ်တို့အား ၎င်းတို့၏ ကာယိန္ဒြေစောင့်ထိန်းမှုနှင့် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာလုံခြုံမှုရှိစေရန် အများပြည်သူရှေ့ စစ်ဆေးစီရင်ခြင်းမပြုသင့်သည့်အမှုများတွင်ဖြစ်စေ၊ ၎င်းတို့၏ တောင်းဆိုချက်အရဖြစ်စေ ဗီဒီယို ဆက်သွယ်ဆောင်ရွက်ရေး(Video Conferencing) တပ်ဆင်ထားသည့် အထူးသက်သေစစ်မေးခန်း တွင် သော်လည်းကောင်း၊ အထူးသက်သေစစ်မေးခန်းမရှိသည့် တရားရုံးများတွင် အများပြည်သူရှေ့ တွင် မဟုတ်ဘဲ သီးသန့်ရုံးခန်း(In camera)တွင်သော်လည်းကောင်း အများပြည်သူမသိရှိနိုင်သည့် နေရာတွင် စစ်ဆေးစီရင်နိုင်ရေးအတွက် အတတ်နိုင်ဆုံးဆောင်ရွက်ရမည်။

၇၇။ သက်ဆိုင်ရာတရားစွဲအဖွဲ့အစည်းသည်-

(က) ဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ဖြင့် တရားရုံးသို့ တရားစွဲဆိုတင်ပို့သည့်အခါ သိမ်းဆည်း ထားသောသက်သေခံပစ္စည်းများအနက် တရားရုံးရှေ့သို့ တင်ပို့ရန်လွယ်ကူသော ပစ္စည်းများကို တစ်ပါတည်းတင်ပြရမည်။

(ခ) တရားရုံးရှေ့သို့ တင်ပို့ရန် မလွယ်ကူသော သက်သေခံပစ္စည်းဖြစ်ပါက အဆိုပါ သက်သေခံပစ္စည်း၏ မှတ်တမ်းဓာတ်ပုံများ၊ သက်သေခံပစ္စည်းသိမ်းဆည်းစဉ်က ပြုလုပ်ထားသော အထောက်အထားများ၊ ပုံစံများနှင့် သက်သေခံပစ္စည်းများကို မည်သည့်နေရာတွင် ထိန်းသိမ်းထားကြောင်း တာဝန်ရှိသူက လက်မှတ်ရေးထိုး ထားသော အစီရင်ခံစာနှင့် အတူတင်ပြရမည်။

(ဂ) တရားစွဲဆိုတင်ပို့သည့်အမှုတွင် သက်သေခံပစ္စည်းများနှင့်စပ်လျဉ်း၍ တရားရုံးက ချမှတ်သော အပြီးသတ်စီရင်ချက်အမိန့်နှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

## အခန်း (၁၃)
## ပြစ်ချက်ဟောင်းအတွက် တရားစွဲဆိုခြင်း

၇၈။ သက်ဆိုင်ရာ တရားစွဲအဖွဲ့အစည်းသည် -

(က) ဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ဖြင့် တရားစွဲဆိုခြင်း ခံရသူသည် ယခင်က အဆိုပါ လူကုန်ကူးမှုပြစ်မှုတစ်ရပ်ရပ်ဖြင့်ပြစ်မှုထင်ရှားစီရင်ခြင်းခံခဲ့ရလျှင် ထပ်မံကျူးလွန် သော ပြစ်မှုအတွက် အမြင့်ဆုံးပြစ်ဒဏ်ချမှတ်နိုင်ရန်အလို့ငှာ ဥပဒေပုဒ်မ ၄၀ နှင့် ပူးတွဲ၍ တရားစွဲဆိုရမည်။

(ခ) တရားရုံးသို့ တရားစွဲဆိုတင်ပို့ခြင်းမပြုမီ ဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ကျူးလွန်သူမှာ ပြစ်ချက်ပေါင်းရှိကြောင်းစုံစမ်း၍မရရှိဘဲ တရားစွဲဆိုတင်ပို့ပြီးနောက် အပြီးသတ် စီရင်ချက်မချမီ ပြစ်ချက်ပေါင်းရှိကြောင်း အထောက်အထားတွေ့ရှိရလျှင် ဥပဒေ ပုဒ်မ ၄၀ ဖြင့် ထပ်မံ၍ စွဲချက်တင်နိုင်ရန် တရားရုံးသို့ တင်ပြရမည်။

(ဂ) နည်းဥပဒေခွဲ(က) အရ ဥပဒေပုဒ်မ ၄၀ ကိုပူးတွဲ၍ တရားစွဲဆိုသည့်အခါဖြစ်စေ၊ နည်းဥပဒေခွဲ(ခ) အရ ဥပဒေပုဒ်မ ၄၀ ဖြင့် ထပ်မံ၍ စွဲချက်တင်နိုင်ရန် တင်ပြသည့် အခါဖြစ်စေ ယခင်ကလူကုန်ကူးမှုဖြင့် ပြစ်မှုထင်ရှားစီရင်ခဲ့သည်ဟု မှန်ကန်ကြောင်း သက်သေခံ လက်မှတ်ရေးထိုးထားသော စီရင်ချက်တာဝန်ခံမိတ္တူမှန်ကိုဖြစ်စေ၊ ထောင်ပို့ဝရမ်းစာ မိတ္တူကိုဖြစ်စေ၊ ပြစ်ဒဏ်တစ်ရပ်လုံးကိုဖြစ်စေ၊ ပြစ်ဒဏ်တစ်စိတ် တစ်ပိုင်းကိုဖြစ်စေ ကျခံပြီးသည့် အကျဉ်းထောင်တာဝန်ခံ၏ သက်သေခံလက်မှတ် (ရဲပုံစံ- ၃၁)ကိုဖြစ်စေ ပူးတွဲ၍တင်ပြရမည်။

(ဃ) စွဲချက်လွှာပုံစံတွင် သိသာထင်ရှားစေရန် ပြစ်မှုကျူးလွန်သူ၏ အမည်နှင့် ယှဉ်လျက် ယခင်က လူကုန်ကူးမှုဖြင့် ပြစ်မှုထင်ရှား စီရင်ခံရဖူးကြောင်း မှင်နီဖြင့်ရေးသား ဖော်ပြ ရမည်။

## အခန်း (၁၄)
## ပြစ်မှုကျူးလွန်ကြောင်းစွပ်စွဲခြင်းခံရသူအား လွှဲပြောင်းပေးခြင်း

၇၉။ လူကုန်ကူးမှုကျူးလွန်သည့်ပြစ်မှုကို နိုင်ငံတော်က အဖွဲ့ဝင်အဖြစ် လက်ခံထားသော နိုင်ငံဖြတ်ကျော် အုပ်စုဖွဲ့ကျူးလွန်သည့် မှုခင်းဆိုင်ရာကုလသမဂ္ဂကွန်ဗင်းရှင်းနှင့် နောက်ဆက်တွဲ စာချုပ်များ (United Nations Convention against Transnational Organized Crime and the Protocols thereto)အရ တရားခံ လွှဲပြောင်းပေးနိုင်သော ပြစ်မှုများအဖြစ် မှတ်ယူ၍ ဆောင်ရွက် ရမည်။

၈၀။ တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့နှင့် တားဆီးနှိမ်နင်းရေးအရာရှိများသည် ပြည်ပအဖွဲ့ဝင်နိုင်ငံ တစ်ခုခုရှိ ပြစ်မှုကျူးလွန်ကြောင်းစွပ်စွဲခြင်းခံရသူ မြန်မာနိုင်ငံသားအား နိုင်ငံတော်သို့ လွှဲပြောင်း ပေးရန် တောင်းဆိုလိုပါက တရားခံလွှဲပြောင်းရေးဥပဒေနှင့်အညီ အောက်ပါအချက်များဖော်ပြပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်မှတစ်ဆင့် ပြည်ထဲရေးဝန်ကြီးဌာနသို့ တင်ပြရမည်-

(က) လူကုန်ကူးမှု ဖြစ်စဉ်အကျဉ်းချုပ်၊

( ခ ) တရားခံလွှဲပြောင်းပေးစေလိုသည့် ပြစ်မှုကျူးလွန်ကြောင်း စွပ်စွဲခြင်းခံရသူ၊ ဂိုဏ်းဖွဲ့မှုခင်းကျူးလွန်သူအုပ်စု၊ နိုင်ငံဖြတ်ကျော်မှုခင်းကျူးလွန်သူ အမည်၊ နေရပ်လိပ်စာ၊ ဆက်သွယ်ရန်ဖုန်း၊ ဖက်စ်အမှတ်နှင့် အီးမေးလ်လိပ်စာ (သိရှိလျှင်)၊

( ဂ ) ပထမသတင်းပေးတိုင်တန်းချက်အကျဉ်း၊ အရေးယူထားသည့် ဥပဒေနှင့်ပုဒ်မ၊

(ဃ) ပြစ်မှုကျူးလွန်ကြောင်းစွပ်စွဲခြင်းခံရသူ၏ ကိုယ်ရေးအချက် အလက်များ၊

( င ) ရရှိသောသတင်းအချက်အလက်နှင့် အထောက်အထားများ၊

( စ ) စုံစမ်းစစ်ဆေးမှု၊ စုံစမ်းထောက်လှမ်းမှုနှင့် စစ်ဆေးစီရင်မှုအခြေအနေ၊

(ဆ) ပြည်ပအဖွဲ့ဝင်နိုင်ငံက ဆောင်ရွက်ပေးစေလိုသည့်ကိစ္စ၊

( ဇ ) ပြည်ပအဖွဲ့ဝင်နိုင်ငံက ဆောင်ရွက်ပေးရမည့် အချိန်ကာလ(အလျင်အမြန်ဆောင်ရွက်ရမည့်ကိစ္စဖြစ်ပါက အလျင်အမြန်ဆောင်ရွက်ရန် ဖော်ပြချက်)၊

( ဈ ) တရားခံလွှဲပြောင်းရယူပြီး ဆက်လက်၍ စုံစမ်းထောက်လှမ်းခြင်း၊ တရားစွဲဆိုခြင်းတို့အတွက် အရေးယူဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များ။

၈၁။ ပြည်ထဲရေးဝန်ကြီးဌာနသည် လူကုန်ကူးမှု ကျူးလွန်ကြောင်းစွပ်စွဲခံရသူ မြန်မာနိုင်ငံသားအား နိုင်ငံတော်သို့ လွှဲပြောင်းရရှိနိုင်ရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်က ပေးပို့သည့်-ပုံစံ(၅)နှင့် ပုံစံ(၆) တို့ကို နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ဆက်လက်ပေးပို့ရမည်။

၈၂။ (က) လွှဲပြောင်းပေးရန်တောင်းဆိုခြင်းခံရသူ ပြစ်မှုကျူးလွန်ကြောင်း စွပ်စွဲခြင်းခံရသူမြန်မာနိုင်ငံသားအား နိုင်ငံတော်သို့ လွှဲပြောင်းပေးမည်ဟု ပြည်ပအဖွဲ့ဝင်နိုင်ငံ၏အကြောင်းပြန်ကြားချက်ရရှိသည့်အခါ နိုင်ငံခြားရေးဝန်ကြီးဌာနသည် ပြည်ထဲရေးဝန်ကြီးဌာနသို့ လွှဲပြောင်းလက်ခံရန် အကြောင်းကြားရမည်။

( ခ ) ပြည်ထဲရေးဝန်ကြီးဌာနသည် လွှဲပြောင်းပေးရန် တောင်းဆိုခြင်းခံရသော ပြစ်မှုကျူးလွန်ကြောင်းစွပ်စွဲခြင်းခံရသူ မြန်မာနိုင်ငံသားအား လုံလောက်သော လုံခြုံရေးအစောင့်အရှောက်ဖြင့် လွှဲပြောင်းလက်ခံရမည်။

၈၃။ ပြည်ထဲရေးဝန်ကြီးဌာနသည် တောင်းဆိုထားသည့် ပြစ်မှုကျူးလွန်ကြောင်း စွပ်စွဲခြင်းခံရသူ မြန်မာနိုင်ငံသားအား လက်ခံရရှိပါက လိုအပ်သလို ဆက်လက်ဆောင်ရွက်ရန် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဌာနချုပ်သို့ လုံလောက်သော လုံခြုံရေးအစောင့်အရှောက်ဖြင့် လွှဲအပ်ရမည်။

၈၄။ နိုင်ငံတော်ရှိ ပြစ်မှုကျူးလွန်ကြောင်းစွပ်စွဲခြင်းခံရသူအား ပြည်ပအဖွဲ့ဝင်နိုင်ငံတစ်ခုခု၏အာဏာပိုင် အဖွဲ့အစည်းတစ်ခုခုက လွှဲပြောင်းပေးရန် သံတမန်လမ်းကြောင်းအရ နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် တောင်းဆိုလာသည့်ကိစ္စနှင့်စပ်လျဉ်း၍ တရားခံလွှဲပြောင်းရေးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရမည်။

၈၅။ နိုင်ငံတော်ရှိ ပြစ်မှုကျူးလွန်ကြောင်းစွပ်စွဲခြင်းခံရသူအား ပြည်ပအဖွဲ့ဝင်နိုင်ငံတစ်ခုခု၏ အာဏာပိုင်အဖွဲ့အစည်းတစ်ခုခုက လွှဲပြောင်းပေးရန်တောင်းဆိုချက်ကို နိုင်ငံတော်သမ္မတက ငြင်းပယ်သည့်အခါ တရားစွဲဆိုနိုင်ရေးအတွက် ဆောင်ရွက်ရမည်။

## အခန်း (၁၅)

## ရန်ပုံငွေ စီမံခန့်ခွဲခြင်း

၈၆။ ဗဟိုအဖွဲ့ရန်ပုံငွေစီမံခန့်ခွဲရေးအဖွဲ့သည် -

(က) ဗဟိုအဖွဲ့ ရန်ပုံငွေကို ထိန်းသိမ်းခြင်း၊ သုံးစွဲခြင်း၊ စီမံခန့်ခွဲခြင်းတို့နှင့်စပ်လျဉ်း၍ ဘဏ္ဍာရေး စည်းမျဉ်းများနှင့် လုပ်ထုံးလုပ်နည်းများကို ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနနှင့် ညှိနှိုင်းရေးဆွဲပြီး ဗဟိုအဖွဲ့၏အတည်ပြုချက်ကိုရယူ၍ သတ်မှတ်ထားရမည်။

(ခ) နည်းဥပဒေခွဲ(က) အရ သတ်မှတ်ထားသော ဘဏ္ဍာရေးစည်းမျဉ်းများနှင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဗဟိုအဖွဲ့ရန်ပုံငွေကို ထိန်းသိမ်းခြင်း၊ သုံးစွဲခြင်း၊ စီမံခန့်ခွဲခြင်းတို့ ပြုရမည်။

(ဂ) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး၊ ကာကွယ်ရေးနှင့် လူကုန်ကူးခံရသူများအား အကာအကွယ်ပေးရေးတို့အတွက် သုံးစွဲရာတွင် ထူထောင်ထားရှိသည့် ဗဟိုအဖွဲ့ရန်ပုံငွေဖြင့် လုံလောက်မှုမရှိပါက ပြည်တွင်းပြည်ပမှ အလှူရှင်များကို ရှာဖွေခြင်း၊ ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေမှ ထောက်ပံ့နိုင်ရန်လိုအပ်သည့် ငွေပမာဏကို ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြတောင်းခံနိုင်ရန် ဗဟိုအဖွဲ့သို့ တင်ပြခြင်းတို့ ပြုလုပ်နိုင်သည်။

၈၇။ ဗဟိုအဖွဲ့ရန်ပုံငွေစီမံခန့်ခွဲရေးအဖွဲ့သည် အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည်-

(က) ပြည်တွင်း၊ ပြည်ပရှိ အဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့်စေတနာရှင်များ၏ လှူဒါန်းထောက်ပံ့ငွေများ ရရှိရေးအတွက် စည်းရုံးဆောင်ရွက်ခြင်း၊

(ခ) ပြည်တွင်း၊ ပြည်ပမှလှူဒါန်းသော ငွေကြေး၊ ပစ္စည်းများအား စနစ်တကျ လက်ခံခြင်း၊

(ဂ) လူကုန်ကူးမှုကြိုတင်ကာကွယ်ရေး၊ တားဆီးနှိမ်နင်းရေး၊ လူကုန်ကူးခံရသူများ ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် သက်ဆိုင်ရာနိုင်ငံသို့ ပြန်လည်ပို့ဆောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ရန်ပုံငွေမှ သုံးစွဲကုန်ကျမှုအရပ်ရပ်အတွက် အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေအရ မှတ်ပုံတင်ထားသည့် ပြည်တွင်းလူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းအသင်းအဖွဲ့များ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော နိုင်ငံတကာ အသင်းအဖွဲ့များနှင့် အခါအားလျော်စွာ ညှိနှိုင်းဆွေးနွေးပွဲ ပြုလုပ်ခြင်း၊

(ဃ) ရန်ပုံငွေရရှိမှုနှင့် သုံးစွဲမှုငွေစာရင်းများကို ဗဟိုအဖွဲ့သို့ သုံးလပတ်အစီရင်ခံစာ ပြုစု၍ တင်ပြခြင်း။

၈၈။ ဗဟိုအဖွဲ့ရန်ပုံငွေစီမံခန့်ခွဲရေးအဖွဲ့သည်-

(က) ပြည်တွင်း၊ ပြည်ပမှလှူဒါန်းသော မြန်မာကျပ်ငွေကို မြန်မာ့စီးပွားရေးဘဏ်တွင်လည်းကောင်း၊ နိုင်ငံခြားသုံးငွေများကို မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်တွင်လည်းကောင်း သက်ဆိုင်ရာငွေစာရင်းများ၌ စနစ်တကျစာရင်းဖွင့်၍ အပ်နှံထားရှိရမည်။

(ခ) ဥပဒေပါ ရည်ရွယ်ချက်များ ထမြောက်အောင်မြင်စေရန် သက်ဆိုင်ရာလုပ်ငန်းကော်မတီနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့ အသီးသီးအတွက် ဗဟိုအဖွဲ့ရန်ပုံငွေမှ အသုံးစရိတ်များ ငွေထုတ်ပေးရာတွင် ဗဟိုအဖွဲ့၏ အတည်ပြုချက်ဖြင့် ဆောင်ရွက်ရမည်။

(ဂ) ဗဟိုအဖွဲ့က ယင်း၏ ရန်ပုံငွေစာရင်းများကို ဗဟိုအဖွဲ့၏စာရင်းစစ်နှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ စာရင်းစစ်ဆေးမှုကို ခံယူနိုင်ရေးအတွက် ဆောင်ရွက်ရမည်။

(ဃ) နှစ်စဉ်ဘဏ္ဍာရေးရှင်းတမ်းနှင့် ဘဏ္ဍာငွေအရအသုံးငွေစာရင်းများကို ပြုစုထားရှိပြီး နှစ်စဉ်စာရင်းစစ်ဆေးချက်အစီရင်ခံစာကို ဗဟိုအဖွဲ့၏ အတည်ပြုချက်ဖြင့် ဝန်ကြီးဌာနမှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြရမည်။

၈၉။ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ပြည်ထောင်စုနယ်မြေ ဒေသဆိုင်ရာ ရန်ပုံငွေ စီမံခန့်ခွဲရေးအဖွဲ့သည်-

(က) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ပြည်ထောင်စုနယ်မြေ ဒေသဆိုင်ရာရန်ပုံငွေကို ထိန်းသိမ်းခြင်း၊ သုံးစွဲခြင်း၊ စီမံခန့်ခွဲခြင်း တို့နှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးစည်းမျဉ်းများနှင့် လုပ်ထုံးလုပ်နည်းများကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ပြည်ထောင်စုနယ်မြေရှိ စာရင်းစစ်ချုပ်ရုံးနှင့် ညှိနှိုင်း

ရေးဆွဲပြီး သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ပြည်ထောင်စု နယ်မြေ လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့၏ အတည်ပြုချက်ကိုရယူ၍ သတ်မှတ်ထားရမည်။

(ခ) နည်းဥပဒေခွဲ(က)အရ သတ်မှတ်ထားသော ဘဏ္ဍာရေးစည်းမျဉ်းများနှင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ပြည်ထောင်စုနယ်မြေ ဒေသဆိုင်ရာရန်ပုံငွေကို ထိန်းသိမ်းခြင်း၊ သုံးစွဲခြင်း၊ စီမံခန့်ခွဲခြင်းတို့ ပြုရမည်။

၉၀။ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ပြည်ထောင်စုနယ်မြေ ဒေသဆိုင်ရာ ရန်ပုံငွေစီမံခန့်ခွဲရေးအဖွဲ့သည် အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည်-

(က) ပြည်တွင်း၊ ပြည်ပအစိုးရဌာနအဖွဲ့အစည်းများမှ လှူဒါန်းမှုများရရှိရေး စည်းရုံးဆောင်ရွက်ခြင်း၊

(ခ) ပြည်တွင်း၊ ပြည်ပမှလှူဒါန်းသော ငွေကြေး၊ ပစ္စည်းများအား စနစ်တကျ လက်ခံခြင်း၊

(ဂ) လူကုန်ကူးမှု ကြိုတင်ကာကွယ်ရေး၊ တားဆီးနှိမ်နင်းရေး၊ လူကုန်ကူးခံရသူများ ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများနှင့် သက်ဆိုင်ရာနိုင်ငံသို့ ပြန်လည်ပို့ဆောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ရန်ပုံငွေမှ သုံးစွဲကုန်ကျမှုအရပ်ရပ်အတွက် အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေအရ မှတ်ပုံတင်ထားသည့် ပြည်တွင်းအသင်းအဖွဲ့များ၊ ပုဂ္ဂလိကစီးပွားရေး လုပ်ငန်းအသင်းအဖွဲ့များ၊ ကုလသမဂ္ဂ အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော နိုင်ငံတကာအသင်းအဖွဲ့များနှင့် အခါအားလျော်စွာ ညှိနှိုင်းဆွေးနွေးပွဲ ပြုလုပ်ခြင်း၊

(ဃ) ရန်ပုံငွေရရှိမှုနှင့် သုံးစွဲမှုငွေစာရင်းများကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ပြည်ထောင်စုနယ်မြေ လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့သို့ သုံးလပတ် အစီရင်ခံစာ ပြုစု၍တင်ပြခြင်း။

၉၁။ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ပြည်ထောင်စုနယ်မြေ ဒေသဆိုင်ရာ ရန်ပုံငွေ စီမံခန့်ခွဲရေးအဖွဲ့သည်-

(က) ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းသော မြန်မာကျပ်ငွေကို မြန်မာ့စီးပွားရေးဘဏ်တွင်လည်းကောင်း၊ နိုင်ငံခြားသုံးငွေများကို မြန်မာ့နိုင်ငံခြား ကုန်သွယ်မှုဘဏ်တွင်

လည်းကောင်း သက်ဆိုင်ရာငွေစာရင်းများ၌ စနစ်တကျစာရင်းဖွင့်၍ အပ်နှံထား ရှိရမည်။

(ခ) ဒေသဆိုင်ရာ ရန်ပုံငွေမှ ငွေထုတ်ပေးရာတွင် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ပြည်ထောင်စုနယ်မြေ လူကုန်ကူးမှုတားဆီးကာကွယ်ရေး အဖွဲ့၏ အတည်ပြုချက်ဖြင့် ဆောင်ရွက်ရမည်။

(ဂ) ဒေသဆိုင်ရာရန်ပုံငွေစာရင်းများကို ဌာနတွင်း စာရင်းစစ်နှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ပြည်ထောင်စုနယ်မြေရှိ စာရင်းစစ်ချုပ်ရုံး တို့၏ စစ်ဆေးမှုကို ခံယူနိုင်ရေးအတွက် ဆောင်ရွက်ရမည်။

(ဃ) နှစ်စဉ်ဘဏ္ဍာရေးရှင်းတမ်းနှင့် ဘဏ္ဍာငွေအရအသုံးငွေစာရင်းများကို ပြုစုထားရှိပြီး နှစ်စဉ် စာရင်းစစ်ဆေးချက်အစီရင်ခံစာကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့၏ အတည်ပြုချက်ဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့လည်းကောင်း၊ ပြည်ထောင်စု နယ်မြေ လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့၏ အတည်ပြုချက်ဖြင့် နေပြည်တော် ကောင်စီသို့ လည်းကောင်း တင်ပြရမည်။

၉၂။ ဗဟိုအဖွဲ့သည် ဗဟိုအဖွဲ့ရန်ပုံငွေလုံလောက်မှုအခြေအနေအပေါ်မူတည်၍ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ပြည်ထောင်စုနယ်မြေ လူကုန်ကူးမှုတားဆီးကာကွယ်ရေး အဖွဲ့များ၏ တင်ပြချက်အရ ဘဏ္ဍာငွေလုံလောက်မှုမရှိသော ဒေသဆိုင်ရာရန်ပုံငွေသို့ ဗဟိုအဖွဲ့ ရန်ပုံ ငွေမှ ခွဲဝေပေးနိုင်သည်။

၉၃။ ဗဟိုအဖွဲ့ရန်ပုံငွေ စီမံခန့်ခွဲရေးအဖွဲ့နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ပြည်ထောင်စု နယ်မြေ ဒေသဆိုင်ရာရန်ပုံငွေ စီမံခန့်ခွဲရေးအဖွဲ့တို့သည် မိမိတို့စီမံခန့်ခွဲသည့် ရန်ပုံငွေမှ အောက်ပါ လုပ်ငန်းစဉ်များအတွက် ဘဏ္ဍာရေးစည်းမျဉ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကျခံသုံးစွဲနိုင် သည်-

(က) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး၊ ကာကွယ်ရေးနှင့် အရေးယူရေးလုပ်ငန်းစဉ်များ၊

(ခ) လူကုန်ကူးမှုစုံစမ်းစစ်ဆေးရေးလုပ်ငန်းစဉ်များ၊

(ဂ) လူကုန်ကူးခံရသူများအား အကာအကွယ်ပေးရေးလုပ်ငန်းစဉ်များ၊

(ဃ) လူကုန်ကူးခံရသူများ ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည် ထူထောင်ရေးလုပ်ငန်းများနှင့် နေရပ်ပြန်လည်ပို့ဆောင်ရေးလုပ်ငန်းစဉ် များ၊

(င) လိုအပ်ပါက လူကုန်ကူးခံရသူများအား သက်ဆိုင်ရာနိုင်ငံသို့ ပြန်လည်ပို့ဆောင်ရေး လုပ်ငန်းစဉ်များ၊

(စ) လူကုန်ကူးခံရသူများ ကျန်းမာရေးစောင့်ရှောက်မှု၊ ဆေးကုသမှုလုပ်ငန်းစဉ်များ၊

(ဆ) လူကုန်ကူးခံရသူများအား ကျွေးမွေးစောင့်ရှောက်မှုလုပ်ငန်းစဉ်များ၊

(ဇ) ပြစ်မှုကျူးလွန်ကြောင်းစွပ်စွဲခြင်းခံရသူ မြန်မာနိုင်ငံသားအား နိုင်ငံတော်သို့ ပြန်လည်လွှဲပြောင်းခြင်း လုပ်ငန်းစဉ်များ၊

(ဈ) ပြည်ပအဖွဲ့ဝင်နိုင်ငံတွင် ရောက်ရှိနေသော လူကုန်ကူးမှုနှင့်သက်ဆိုင်သည့် သက်သေခံ ငွေကြေးနှင့်ပစ္စည်းများအား နိုင်ငံ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရေးအတွက် နိုင်ငံတော် သို့ ပြန်လည်လွှဲပြောင်းခြင်းလုပ်ငန်းစဉ်များ။

## အခန်း (၁၆)

## အထွေထွေ

၉၄။ ဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးခြင်း၊ ရှာဖွေခြင်း၊ ဖမ်းဆီးခြင်း၊ သက်သေခံ ပစ္စည်းသိမ်းဆည်းခြင်းနှင့် တရားစွဲဆိုခြင်းတို့ပြုရာတွင် ဤနည်းဥပဒေများတွင်လည်းကောင်း၊ ဗဟိုအဖွဲ့က ထုတ်ပြန်သတ်မှတ်ထားသော စံလုပ်ထုံးလုပ်နည်းများတွင်လည်းကောင်း သီးခြား ဖော်ပြထားခြင်းမရှိလျှင် ရာဇဝတ်ကျင့်ထုံးဥပဒေပါ ပြဋ္ဌာန်းချက်များကို လိုက်နာကျင့်သုံးနိုင်သည်။

၉၅။ ဗဟိုအဖွဲ့နှင့် လုပ်ငန်းကော်မတီများ၏ ရုံးလုပ်ငန်းများကို ရုံးအဖွဲ့က ဆောင်ရွက်ရမည်။

၉၆။ ရုံးအဖွဲ့သည်-

(က) ဗဟိုအဖွဲ့နှင့် သက်ဆိုင်ရာလုပ်ငန်းကော်မတီများ၏ လုပ်ငန်းတာဝန်များနှင့် ရုံးလုပ်ငန်း များကို အထောက်အကူပြုဆောင်ရွက်ပေးရမည်။

(ခ) ဗဟိုအဖွဲ့နှင့် သက်ဆိုင်ရာ လုပ်ငန်းကော်မတီများက ပေးအပ်သည့်လုပ်ငန်းတာဝန် များကို ထိရောက်အောင်မြင်စွာဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

(ဂ) ဗဟိုအဖွဲ့၊ လုပ်ငန်းကော်မတီများနှင့် ရုံးအဖွဲ့တို့၏ ကုန်ကျစရိတ်များကို ဘဏ္ဍာရေး စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဝန်ကြီးဌာန၏ ဘဏ္ဍာရန်ပုံငွေမှ ကျခံသုံးစွဲနိုင်ရေး အတွက် ဗဟိုအဖွဲ့နှင့်ဝန်ကြီးဌာနသို့ တင်ပြဆောင်ရွက်ရမည်။

၉၇။ လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် လူကုန်ကူးခံရသူများအား အကာအကွယ်ပေးရေး ဆိုင်ရာလုပ်ငန်းကော်မတီသည် ဗဟိုအဖွဲ့၏လမ်းညွှန်ချက်နှင့်အညီ အဆင့်ဆင့်သော ဒေသဆိုင်ရာ တားဆီးကာကွယ်ရေးအဖွဲ့များ၊ ရပ်ရွာအခြေပြုလူကုန်ကူးမှုစိစစ်ဖော်ထုတ်ရေးအဖွဲ့များအား သင့်လျော်သည့် စွမ်းရည်မြှင့်သင်တန်းပို့ချခြင်း၊ အလုပ်ရုံဆွေးနွေးပွဲများကျင်းပခြင်းတို့အား အခါအားလျော်စွာ စီစဉ် ဆောင်ရွက်ပေးရမည်။

၉၈။ ဗဟိုအဖွဲ့သည် ဥပဒေအရစုံစမ်းစစ်ဆေးပြီး အရေးယူသောပြစ်မှုနှင့်စပ်လျဉ်း၍ ပြည်ထောင်စု အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါပုဂ္ဂိုလ်များအား ဗဟိုအဖွဲ့၏ ရန်ပုံငွေမှ ဆုငွေချီးမြှင့် နိုင်ရေးအတွက် လိုအပ်သလို စီမံဆောင်ရွက်နိုင်သည်-

(က) ဥပဒေပါ လူကုန်ကူးမှုကိုကျူးလွန်ကြောင်း သတင်းပေးသူ၊

(ခ) လျှို့ဝှက်အမာခံသတင်းပေးသူ၊

(ဂ) ဥပဒေပါ လူကုန်ကူးမှုနှင့်သက်ဆိုင်သည့် သက်သေခံပစ္စည်းများ သိမ်းဆည်းနိုင်ရန်နှင့် ပြစ်မှုကျူးလွန်ကြောင်းစွပ်စွဲခြင်းခံရသူအား ဖမ်းဆီးရမိနိုင်ရန် ထူးခြားပြောင်မြောက်စွာ စုံစမ်းထောက်လှမ်းသူနှင့် ရှာဖွေဖမ်းဆီးသူများ။

၉၉။ ဥပဒေရေးရာနှင့် တရားစွဲဆိုရေးဆိုင်ရာ လုပ်ငန်းကော်မတီသည် လူကုန်ကူးခံရသူက မိမိနစ်နာမှုအတွက် တရားမကြောင်းအရ စွဲဆိုသည့်အမှုတွင် လူကုန်ကူးခံရသူအတွက်ရှေ့နေတစ်ဦး လိုက်ပါဆောင်ရွက်ပေးရန်နှင့် ဥပဒေအကြံဉာဏ်ပေးရန် ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့သို့ အကူအညီတောင်းခံနိုင်သည်။

ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်
ပြည်ထောင်စုဝန်ကြီး

စာအမှတ်၊ ပထရ / ၂ - ၁ / ၁ - ၁ ( ၄၆၀၄ ) / ၂၀၂၅
ရက် စွဲ၊ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၆ ရက်

**ဖြန့်ဝေခြင်း**

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ ယာယီသမ္မတရုံး
ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး
နိုင်ငံတော်ဝန်ကြီးချုပ်ရုံး
အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ အမှုဆောင်ချုပ်ရုံး
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး
ပြည်ထောင်စုဝန်ကြီးဌာနအားလုံး
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး
ပြည်ထောင်စုရာထူးဝန်အဖွဲ့
နေပြည်တော်ကောင်စီ
တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့အားလုံး
မြန်မာနိုင်ငံတော်ဗဟိုဘဏ်

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး

ညွှန်ကြားရေးမှူးချုပ်
ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန } မြန်မာနိုင်ငံပြန်တမ်းအပိုင်း(၁)တွင် ထည့်သွင်းကြေညာပေးပါရန်။

အမိန့်အရ

ခိုင်ထွန်းဦး
အမြဲတမ်းအတွင်းဝန်

"မိတ္တူမှန်"

(ခင်သီတာ)
ဒုတိယညွှန်ကြားရေးမှူး

လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့

………………… ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်၊

………………… ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ

……………. ခရိုင်၊ ……………… မြို့နယ်၊ ……………. ရပ်ကွက်/ ကျေးရွာအုပ်စု

ရပ်ရွာအခြေပြု လူကုန်ကူးမှု စိစစ်ဖော်ထုတ်ရေးအဖွဲ့

လူကုန်ကူးမှု စိစစ်ဖော်ထုတ်သည့် မှတ်တမ်း

[ နည်းဥပဒေ ၁၃၊ ၂၀(ဃ)၊ ၂၂(ဃ)၊ ၂၅(က)၊ ၂၆၊ ၂၇(က) (ခ)]

| ဓာတ်ပုံ |
|---|

၁။ **တွေ့ဆုံမေးမြန်းခြင်းခံရသူ ကိုယ်ရေးအကျဉ်း**

(က) အမည် …………………………………………………………………………

(ခ) အခြားအမည် ……………………………………………………………………

(ဂ) အသက် …………………………………………………………………………

(ဃ) အဘအမည် ………………………………………………………………………

(င) မွေးသက္ကရာဇ် ……………………………………………………………………

(စ) နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် (နိုင်ငံခြားသား ဖြစ်ပါက ပတ်စ်ပို့၊ ဗီဇာအမှတ်၊ နိုင်ငံခြားသားမှတ်ပုံတင်လက်မှတ်အမှတ်၊ ထုတ်ပေးသည့် ရက်စွဲ)…………………

…………………………………………………………………………………

(ဆ) အလုပ်အကိုင်……………………………………………………………………

(ဇ) လူမျိုး၊ ဘာသာ……………………………………………………………………

(ဈ) ပညာအရည်အချင်း ………………………………………………………………

(ည) နေရပ်လိပ်စာ ……………………………………………………………………

…………………………………………………………………………………

(ဋ) အိမ်ထောင်ရှိ မရှိ၊ ဇနီး သို့မဟုတ် ခင်ပွန်း အမည်နှင့် နေရပ်လိပ်စာ ………………

…………………………………………………………………………………

…………………………………………………………………………………

…………………………………………………………………………………

…………………………………………………………………………………

(ဌ) တွေ့ဆုံမေးမြန်းသည့် နေရာ၊ နေ့ရက်နှင့် အချိန်……………………………………

…………………………………………………………………………………

…………………………………………………………………………………

…………………………………………………………………………………

…………………………………………………………………………………

…………………………………………………………………………………

၂။ **သိမ်းသွင်းစုဆောင်းခြင်း**

(က) နေရပ်ဇာတိမှ စတင်ထွက်ခွာသည့်နေ့ရက်နှင့် ထွက်ခွာခဲ့သည့်အကြောင်း……………

…………………………………………………………………………………

…………………………………………………………………………………

(ခ) ခေါ်ဆောင်သူ၏အမည်၊ နေရပ်လိပ်စာနှင့် ၎င်းက မှတ်ပုံတင်အတု၊ ထောက်ခံစာများ ရရှိရန် လုပ်ဆောင်ပေးခြင်း၊ ထုတ်ပေးခြင်း ရှိပါသလား………………………………

…………………………………………………………………………………

…………………………………………………………………………………

(ဂ) ခေါ်ဆောင်သူမှ နေရာသစ်တွင်လုပ်ကိုင်ရမည့် အလုပ်အကိုင်၊ နေထိုင်မှု အခြေအနေနှင့် လုပ်ခလစာ မည်မျှရရှိမည်ဟု ပြောကြားခဲ့ပါသလဲ ………………………………

…………………………………………………………………………………

…………………………………………………………………………………

(ဃ) ကြိုတင်လစာငွေများ ထုတ်ပေးခြင်း၊ လက်ခံရယူထားခြင်း ရှိပါသလား……………

…………………………………………………………………………………

…………………………………………………………………………………

၃။ **သယ်ယူပို့ဆောင်ခြင်း၊ လွှဲပြောင်းခြင်း၊ ရွှေ့ပြောင်းခြင်း**

(က) ခရီးစဉ် အစမှ အဆုံးအထိ လမ်းကြောင်းခရီးစဉ်နှင့် အသုံးပြုသည့် ယာဉ်လိုင်း၊ အငှားယာဉ်များ ဖော်ပြပါရန်…………………………………………………………

…………………………………………………………………………………

…………………………………………………………………………………

(ခ) နိုင်ငံဖြတ်ကျော်ရပါက ဖြတ်ကျော်သည့် နယ်စပ်၊ ဂိတ်၊ စခန်း အမည်နှင့် မည်သည့် နိုင်ငံမှ မည်သည့် နိုင်ငံသို့ ဖြတ်ကျော်သည်………………………………………

…………………………………………………………………………………

(ဂ) ခရီးသွားလာရာတွင် လက်ဆင့်ကမ်းလွှဲပြောင်းခံရခြင်း ရှိပါသလား၊ မည်သူ့ထံ မည်သည့် နေရာတွင် လွှဲပြောင်းပေးပါသလဲ..................................................

..................................................................................................

..................................................................................................

(ဃ) အုပ်စုတစ်စုထဲတွင် အချင်းချင်းမသိဘဲ ခရီးသွားရပါသလား ..............................

..................................................................................................

..................................................................................................

(င) ပို့ဆောင်သူ၏အမည်၊ နေရပ်လိပ်စာနှင့် ၎င်းက လမ်းခရီးတွင် ဇာတ်တိုက်ပေးထားခြင်း၊ လိမ်လည်ပြောဆိုရန် သင်ပေးခြင်း ခံရပါသလား..............................................

..................................................................................................

..................................................................................................

(စ) မူလခရီးစဉ်မှ ခရီးစဉ် ပြောင်းလဲမှုရှိခဲ့ပါသလား..............................................

..................................................................................................

..................................................................................................

(ဆ) ပို့ဆောင်သူက ခရီးစရိတ်၊ တည်းခိုစရိတ် ကျခံပါသလား၊ ကုန်ကျစရိတ်များ အတွက် မည်သို့ပေးဆပ်ရမည်ဟု ပြောကြားခဲ့ပါသလဲ..............................................

..................................................................................................

..................................................................................................

၄။ **ရောင်းချခြင်း၊ ဝယ်ယူခြင်း၊ ငှားရမ်းခြင်း၊ ငှားယူခြင်း**

(က) ရောင်းချသူနှင့် ဝယ်ယူသူ အမည်၊ နေရပ်လိပ်စာ..............................................

..................................................................................................

..................................................................................................

(ခ) ရောင်းဝယ်သည့် တန်ဖိုးနှင့် ငွေပေးချေမှု..............................................

..................................................................................................

..................................................................................................

(ဂ) ငှားရမ်းသူနှင့် ငှားယူသူ အမည်၊ နေရပ်လိပ်စာ..............................................

..................................................................................................

(ဃ) ငှားရမ်းခတန်ဖိုးနှင့် ငွေပေးချေမှု..............................................

..................................................................................................

..................................................................................................

၅။ **ခိုလှုံခွင့်ပေးခြင်း၊ လက်ခံခြင်း**

(က) ခိုလှုံခွင့်၊ လက်ခံခွင့် ပေးသူ အမည်၊ နေရပ်လိပ်စာ..............................................

.......................................................................................................

(ခ) ခိုလှုံခွင့်၊ လက်ခံခွင့်ပေးသည့် နေရာ၊ လိပ်စာ ..........................................................

.......................................................................................................

၆။ **ခေါင်းပုံဖြတ်မှု**

(က) ပြည့်တန်ဆာအဖြစ် အဓမ္မပြုလုပ်စေခြင်း/ အခြားတစ်နည်းနည်းဖြင့် ကာမဆိုင်ရာ ကိစ္စ အဓမ္မပြုလုပ်စေခြင်း ရှိ မရှိ..........................................................

(၁) ငွေကြေး အကျိုးအမြတ် တစ်စုံတစ်ရာ လက်ခံရယူခြင်း၊ လက်ခံရန် သဘောတူခြင်း ရှိ မရှိနှင့် ရှိပါက မည်သို့လက်ခံရယူသည် ...............................

.......................................................................................................

.......................................................................................................

(၂) အလုပ်ရှင် သို့မဟုတ် အိမ်ရှင်က မဖွယ်မရာ ကာယိန္ဒြေပျက်အောင် လိင်မှုကိစ္စများ ပြုမူဖူးသလား.......................................................................

(၃) အလုပ်လုပ်ကိုင်သည့်နေရာ အခြေအနေ (ဥပမာ- ပြည့်တန်ဆာအိမ်၊ အနှိပ်ခန်း၊ ရေချိုးခန်း) ....................................................................................

(ခ) အဓမ္မ အလုပ်ခိုင်းစေခြင်း၊ ဝန်ဆောင်မှုပေးစေခြင်း ရှိ မရှိနှင့် ကြွေးမြီဖြင့် နှောင်ဖွဲ့ခိုင်းစေခြင်း ရှိ မရှိ.......................................................................

.......................................................................................................

